# ဟဒယံ ပုရိသော

(ယောက်ျားနှလုံးသား)



## ဒုက္ခမြစ်ကို ဖြတ်ကျော်ခြင်း
## နှင့်
## အတွေးအမြင်စာစုများ

ရောဝတီ လွှမ်းနောင်

*Design Lwum Naung*

ဤကမ္ဘာပေါ်တွင် အလှအပကို တန်ဖိုးအမြင့်ဆုံး သတ်မှတ်ပေးနိုင်သူများ
တန်ဖိုးအဖြစ် မိမိအသက်ကိုပင် စွန့်လွှတ်နိုင်သူများကို စာရင်းကောက်ကြည့်မည်
ဆိုလျှင် ပူရိသော ပုရိသ ဆိုသော ယောကျ်ားများ၏ စာရင်းသည်သာ
မရေမတွက်နိုင်အောင် များပြားနိုင်မည်ကို မည်သူတစ်စုံတစ်ယောက်ကမျှ
မငြင်းနိုင်ချေ။သို့ရာတွင် ယောကျ်ားတစ်ယောက်၏ နှစ်သက်မက်မောမှုသည်
အလှတစ်ခုတည်းတော့ မဟုတ်ချေ။ လှပ၍ သိမ်မွေ့နူးညံ့ပြီး
ကြည်နူးဖွယ်ရာဆိုသော အရာများ ပေါင်းစပ်တည်ရှိမှု အဘယ်သို့သော
ယောကျ်ားမဆို မက်မောတန်ဖိုးထားမိကြမှာ အမှန်ပင် ဖြစ်လေတော့သည်။



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | - ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | - ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

# ဟာဒယံပုရိသော

ဇေယျာဝတီလွှမ်းနောင်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၅၅၀၀၆၁၂

မျက်နှာဖုံးဒီဇိုင်း – **Lwum Naung**

ပုံနှိပ်ခြင်း – ပထမအကြိမ်

ထုတ်ဝေသူ – ဒေါ်ခင်မာချို (ပန်းဝေဝေ)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် – ဒေါ်ဝင်းမာ (စိတ်ကူးချိုချို)

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

၀၀၈.၈၁၁

ရောဝတီလွမ်းနောင်

တဒယံပုရိသော

– ရန်ကုန်

ပန်းဝေဝေစာပေ၊ ၂၀၁၂။

၉၈– စာ၊ ၁၃ စင်တီ × ၂၀ စင်တီ။

(၁) တဒယံပုရိသော

## "မိတ်ဆက်စကား"

ကျွန်တော်သည် ပုဇွန်တောင်မြို့နယ်မှ သဃ်န်းကျွန်းမြို့နယ်ရှိ ကြီးပွားရေးတောင်ပိုင်းရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော်ရှိနေပြီဖြစ်ရာ၊ စာဖတ်သော လူငယ်များ (တစ်ချို့)နှင့် နှစ်ရှည်လများ ပေါင်းသင်းမိပါသည်။ တစ်ယောက်စ နှစ်ယောက်စသာ ရှိသော်လည်း ရပ်ကွက်ထဲမှာ ကျွန်တော်နှင့် စကားပြောဘက်များ အဖြစ် ကာလရှည်ကြာ ရှိခဲ့သည်။

ထိုအထဲတွင် ပညာဒါနကျူရှင်ဆရာ ဦးလှအောင်နှင့် သူကျောင်းမှ ဆရာများ၊ နောက် ဘက်ဆယ်လား (Best Seller) ဝတ္ထုလုံးချင်းများရေးနေသော ဒီနိုင်းခ၊ နောက်ဆုံး ရောဝတီလွမ်းနောင်၊ သူကတော့ လွန်ခဲ့သော (၇) နှစ်လောက်က သင်္ချာဗေဒပညာရှင် ဆရာကြီး၏ နာမည်နှင့် အသံလှိုင်း ရိုက်ခတ်အားတွက်နည်းပညာနှင့် ဂြိုလ်နက္ခတ်ပိုင်းဆိုင်ရာ နက္ခတ်ဗေဒင်ပညာစာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့သူပင်ဖြစ်သည်။ **Namerology & Astrology** ဆိုင်ရာ ပညာရပ်စာအုပ်ဟုဆိုရမည်ဖြစ်သည်။ (ထိုစာအုပ်တွင် စာရေးသူ၏ အမှာစာကို ဖတ်မိစဉ်က ကျွန်တော်ပြုံးမိသေးသည်၊ ကမ္ဘာ့နိုဗဲလ်ဆုချီးမြှင့်ခံရသော ပြင်သစ်ဖြစ်တည်မှုစာရေးဆရာကြီး ယန်းပေါ်ဆက် **(Jean Paul**

Sartre) ၏ နိုလ်ဗဲလ်ဆုငြင်းပယ်စဉ်က ပြောခဲ့သော စကားကို နှစ်သက်သဘောကျကြောင်း ရေးသားထားသောကြောင့်ဖြစ်သည်။)

တကယ့်လူငယ်လူရွယ်တစ်ယောက်နှင့်မှ ကျွန်တော်က မိတ္တဗလငိုကာ ဖွဲ့မိပါသည်။ သူသည် ဝါသနာပါသော ဗေဒင်နှင့် နက္ခတ်ပညာရပ်ကို ထဲထဲဝင်ဝင် လေ့လာထားဟန်တူသည်။ ကျွန်တော်နှင့် တွေ့တော့ ထိုစာအုပ်အကြောင်းပြောရင်း၊ နောက်ထပ်စာအုပ်တစ်အုပ်ရေးသားပြီး ထုတ်ဝေရန် စီစဉ်နေကြောင်း ပြောပါသည်။ ကျွန်တော်နှင့် သိကျွမ်းခင်မင်နေသော အချိန်ကာလ တိုတိုတောင်းတောင်းကလေးတွင် အိမ်လာရင်း စကားပြောရင်း (လူ့ဘဝအတွေ့အကြုံများ) ပြီးတော့ အိမ်မှာရှိသော ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများ သူဖတ်ရင်း၊ မိတ္တဗလငိုကာအခန်းများ အဆက်မပြတ် စာမျက်နှာလှန်နေရသလိုဖြစ်သွားသည်။ စာအုပ်များ ငှားဖတ်ပြီးလျှင်လည်း စာအုပ်နှင့် ဥပတ်သက်သော ကောင်းကွက် ဟာကွက်များ သုံးသပ်ပြောဆိုပါ သည်။

ယခု သူရေးသားခဲ့သော စာအုပ်အတွက် ကွန်ပျူတာစီထားသော စာရွက်များကို ကျွန်တော့်ထံယူလာပြီး ဖတ်ခိုင်းပါသည်။ ဟဒယံပုရိသော (ယောက်ျားနှလုံးသား) ဆိုသော စာမူများဖြစ်သည်။ ထူးထူးခြားခြားစာမူနှင့်တကွ မျက်နှာဖုံးပန်းချီပါပါလာသည်။ ပြီးတော့ ''မျက်နှာဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက်တဲ့'' ကြည့်စမ်း၊ ကျွန်တော်ချက်ခြင်းဖတ်ရသည့် ကိုရွှေယောက်ျားများ၏ ပုံများနှင့် ''လူပုံသဏ္ဍာန်တို့သည် ကွဲပြားသော ပုံသဏ္ဍာန်ရှိကြသော်လည်း စိတ်ကောင်းနှလုံးကောင်းရှိတာခြင်းတူမှသာ လူကောင်း (သို့) ယောက်ျားကောင်းတို့ဖြစ်နိုင်သည်ဟု အဓိပ္ပါယ်ဖော်၍ ဤမျက်နှာဖုံးပုံကို ရေးဆွဲထားပါသည် ...'' ဆိုပဲ။

ကျွန်တော်သည် စာပေလောကတွင် အနှစ်နှစ်ဆယ်နီးပါးကျင်လည် ကျက်စားခဲ့ပြီးဖြစ်၍ လူငယ်လူရွယ်စာရေးဆရာအမျိုးမျိုးကို တွေ့ကြုံဆုံစည်းခဲ့ဘူးသူဖြစ်သည်။ ရပ်ကွက်သားချင်း၊ စာသမားချင်းဖြစ်သော ရောဝတီလွမ်း

နောင်နှင့်တွေ့တော့ သူ၏ အသိ၊ သူ၏ပညာနှင့် သူ၏ စိတ်ဓါတ်များကို သူရေးသားပြုစုသော စာအုပ်သစ်ကို ဖတ်မည်အပြု အမှာစာပင်မဖတ်မိခင် မျက်နှာဖုံးပန်းချီအကြောင်း ပြောလိုက်ပုံကို ကြည့်ပြီး နားလည်သိမြင်ရပါသည်။ ထိုအခါ စာနှင့် လူတစ်ထပ်တည်းကျမကျ၊ သူ့စာလုံးအက္ခရာများကို ဆက်ဖတ်လိုက်ရသည်။

စာအုပ်အမည်က ပါဠိစာလုံးများနှင့် ဖြစ်သည်။ ဟဒယံပုရိသော၊ ယောကျ်ားနှလုံးသား အမည်နာမပေးထားပါသည်။ အခန်း (၁၇) ခန်းခွဲပြီး၊ ဤသို့သော အသင်ယောကျ်ားကောင်းပါတကား ဆိုသော ဥဒါန်းကျူးရင့်ထားသည့် အခန်း (၁)အဖွင့်တွင် အဘယ်သို့သော သတ္တဝါကို လူဟုခေါ်ပါ သနည်းမှစ၍ လူသားဖြစ်ပေါ်လာရသော နောက်ခံကားချပ်ကို သူ့အတွေးစနှင့် ဆန်းစစ်ကြည့်သည်။

''ပခုံးနှစ်ဘက်ကြားမှ ခေါင်းပေါက်၊ သုံးဆယ်နှစ်ကောဋ္ဌာသသ ပြည့်စုံရုံ ခေါင်လိုက်သွားရုံနှင့် လူလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး''ဟူ၍၊ အခန်း (၂)မှာပင် ပုရိသအပြင် ယောကျ်ားဆိုသည်ကို ရှာဖွေကြည့်သည်၊ ရေပြင်အဏ္ဏဝါ လုပ်သားဘဝအတွေ့အကြုံထဲမှ ရလိုက်သော (တီဗွီဖန်သားပြင်မှ ကြွက်သား ဖုကြွကိုဗလယောကျ်ားပုံကြည့်ရပြီး)၊ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဏ်ကို ယှဉ်တွဲတွေးတောခြင်းဖြစ်သည်။ အဋ္ဌာရသ (၁၈)ပါးနှင့် တိုင်းကြည့်သေးသည်ကို။

စင်စစ် ရောဝတီလွမ်းနောင်သည် ယောကျ်ားတစ်ယောက် (သို့မဟုတ်) ယောကျ်ားများ၏ စစ်တမ်းထုတ်ပြန်ခြင်းဖြစ်သည်။ ထိုမှ ဖခင်စိတ်၊ ဖခင်များ နေ့ကို တမ်းတလာသည်။ ထိုအခန်းတွင် နိုင်ငံရေးအတွေးစများ ပါလေသည်။ အတော်ဆိုးမိဘသည် ဆိုးမလို့ဆိုးမမှန်းမသိအောင် လိမ္မာသွားအောင် ဆိုးမနိုင်သူများ၊ အစိုးရကောင်းသည်လည်း ပြည်သူများမသိရလေအောင် အုပ်ချုပ်သွားသောအစိုးရများစသဖြင့်။

ကျွန်တော်သည် ပေးလာသောစာမူကိုဖတ်ရင်း ရောဝတီလွမ်းနောင်၏ နှလုံးသားကို လှမ်းကြည့်မိသည်။ သူ့အတွေးစများသည် ဟိုတစ်စ သည်တစ်စ

ပြန့်ကျဲနေသော်လည်း ကောက်ယူစုစည်းမိလျှင် ယောကျ်ားများဘဝ ဆုပန် ခဲ့ချင်သော မိန်းမသားများအဖို့ ဘဝပေးဖိုမ ပြဿနာများကိုလည်း ဆင်ခြင် နိုင်မည်ဖြစ်သည်။

စအုပ်မဖြစ်ခင် စာမူများကို ဆက်လက်ဖတ်ရှုရင်း နိဂုံးချုပ်သည်အထိ ဖတ်မိပါသည်။ နောက်ပိုင်းတွင် လောကဓမ္မများ၊ လောကဓံများ (ဆင်းရဲ ချမ်းသာများ) (ဒုက္ခမြစ်ကိုဖြတ်ကျော်ခြင်း၊ အခန်းမှာစိတ်ဝင်စားစရာဖြစ်သည်) ချစ်ခြင်းမေတ္တာ၊ မာယာ စသဖြင့် စသဖြင့် ဖတ်ရှုသိမြင်ရသည်။

မည်သို့ပင်ဖြစ်စေ သူသည် မြန်မာတစ်ယောက်အနေဖြင့် ဘာသာရေး၊ လူမှုရေး၊ စိတ်ဓါတ်ရေးရာများအထိ ဒေါင့်များစွာမှ ချဉ်းကပ်၍ သူ၏ လောက ပါလတရားကို ရှာဖွေကြည့်နေသူဖြစ်ပါသည်။ သူ့စာဖတ်၍ အမြတ်တစ်ခုတော့ ရရှိလိုက်သည်။ ယင်းအမြတ်ကား လူသားဘဝတွင် လိင်ပိုင်းဆိုင်ရာ ကွဲပြား ခြားနားလင့်ကစား မိမိရရှိသော ဒုလ္လဘကို ကောင်းအောင်ကျိုး၍ ကောင်းကျိုး ကိုယ်၌ တည်စေရန်သာဖြစ်သည်ဟူ၍ စာဖတ်သူတစ်ဦး၏ အမှာစကားပင် ဖြစ်ပါသည်။

လေးကိုတင်

1 Aug, 2012

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | မျက်နှာဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက် | |
| ၂။ | အမှာမဟုတ်သောအမှာ | |
| ၃။ | အဘယ်သို့သော သတ္တဝါကို လူဟု ခေါ်ပါသနည်း | ၁ |
| ၄။ | အဘယ်သို့သော လက္ခဏာရှိသူကို ယောကျ်ားပီသသူဟု ခေါ်ပါသနည်း | ၅ |
| ၅။ | ရောက်ရဲမှုနှင့် ယောကျ်ားအသဲ | ၁၁ |
| ၆။ | ဖခင်စိတ်နှင့် အဖေ၏ တန်ဘိုး | ၁၆ |
| ၇။ | စည်းကမ်းနှင့် ချုပ်ချယ်မှု | ၂၄ |
| ၈။ | ဆုံးမခြင်းနှင့် ညွှင်းဆဲခြင်း | ၂၉ |
| ၉။ | အဆင့်အတန်း | ၃၂ |
| ၁၀။ | မုန်းပိုးကောင်းတဲ့ ယောကျ်ား | ၃၆ |
| ၁၁။ | မုန်းပို့ကောင်းတဲ့ မိန်းမ | ၃၉ |
| ၁၂။ | ချမ်းသာခြင်း | ၄၇ |
| ၁၃။ | ဆင်းရဲခြင်း | ၅၀ |
| ၁၄။ | ပျောက်ဆုံးသွားသော နိဗ္ဗာန်ဘုံ | ၅၅ |
| ၁၅။ | ဇာရိတ္တမဏ္ဍိုင်နှင့် လူသားကမ္ဘာ | ၆၃ |
| ၁၆။ | ဒုက္ခမြစ်ကို ဖြတ်ကျော်ခြင်း | ၆၈ |
| ၁၇။ | လောကဓမ္မ သဘာဝနှင့် မနုဿ၏ဆန္ဒ | ၇၂ |
| ၁၈။ | အချစ်နှင့် ကျွန်တော်၏ အမြင် | ၇၅ |
| ၁၉။ | မာယာအိမ်နှင့် မိပင့်ကူ | ၈၂ |
| ၂၀။ | ကျမ်းကိုး | ၉၇ |
| ၂၁။ | ကျေးဇူးတင်လွှာ | ၉၈ |

## “မျက်နှာပုံးအစိပ္ပါယ်ဖွင့်ဆိုချက်”

လူတို့တွင် စိတ်နှလုံးသားသည် အဓိက အရေးကြီးသော အရာဖြစ်သည်။ ဦးနှောက်ဉာဏ်ပညာ မည်မျှပင် ကြီးသူဖြစ်စေကာမူ ကိုယ်ကာယ အဘယ်မျှ လှပတောင့်တင်းသည်ဖြစ်စေ၊ စိတ်ကောင်းနှလုံးကောင်း မရှိမူ အဘယ်သို့သောနည်းဖြင့် လူကောင်းတစ်ယောက် ဖြစ်နိုင်ပေမည်နည်း။

စိတ်ကောင်းနှလုံးကောင်းမရှိသူတစ်ယောက်သည် မည်မျှ ဉာဏ်ပညာကျယ်သည်ဖြစ်စေ၊ ၎င်း၏ ဉာဏ်ပညာကျယ်သလောက် လူအများအား ကောက်ကျစ်စွာ လှည့်ဖြားခြင်း၊ မိမိလိုအင်ဆန္ဒအတွက် သူတစ်ပါးတို့၏ သွေးချွေးများနှင့် ဘဝများကို ခြေယူသုံးစွဲလိမ့်မည်ဖြစ်သည်။ ဤကမ္ဘာမြေ လူလောကကို ကောင်းကျိုး တစ်စုံတစ်ရာ ပေးလိမ့်မည်မဟုတ်။

ထို့ကြောင့် လူပုံသဏ္ဌာန်တို့သည် ကွဲပြားသော ပုံသဏ္ဌာန် ရှိကြသော်လည်း စိတ်ကောင်းနှလုံးကောင်း ရှိတာခြင်းတူမှသာ လူကောင်းသို့မဟုတ် ယောကျာ်းကောင်းတို့ ဖြစ်နိုင်သည်ဟု အဓိပ္ပါယ်ဖော်၍ ဤမျက်နှာဖုံးကို ရေးဆွဲထားပါသည်။

ဂေါဝတီ လွမ်းနောင်

# အမှာမဟုတ်သော အမှာ

စာတစ်အုပ်လုံးကို ဖတ်ပြီးမှ ဤအမှာမဟုတ်သော အမှာကို ဖတ်လျှင် ပို၍ သင့်လျော်ပေမည်။

"( 'လ'ကိုကြည့်စမ်းပါ 'လပြည့်'ဆိုတာတောင် ကိုယ့်ဘက်က တစ်ခြမ်းပဲ မြင်ရတာ၊ နောက်ဘက်ခြမ်းကို မြင်ရတာမဟုတ်ပါ။ ပြည့်ပြည့် မြင်ရာက တဖြည်းဖြည်း လျော့နည်းပြီး လုံးဝပျောက်ကွယ်သွားတယ်။ နောက် တရေးရေးပေါ်လာပြီး ကြီးလာတော့ အကုန်မြင်ရပြီလို့ စိတ်ကထင်ပေမယ့် ထက်ခြမ်းပဲ မြင်ကြရတယ်။)" ဆိုသော သမိုင်းပညာရှင် ဆရာကြီးဒေါက်တာ သန်းထွန်း၏ "မြန်မာထွေထွေရာရာသမိုင်း" စာအုပ်အမှာစာထဲကလို ယခု ကျွန်တော်ရေးသားခဲ့သော ဤစာအုပ်ပါ အကြောင်းအရာများသည်လည်း ပြီးပြည့်စုံခြင်းနှင့် ဝေးနေလိမ့်ဦးမည်ဟု ကျွန်ုပ်ဝန်ခံပါသည်။

သို့ရာတွင် ကျွန်ုပ်သည် ဤစာအုပ်အား ပြင်းပြသော ဆန္ဒတစ်ခုဖြင့် ရေးသားခဲ့ရာတွင် မိမိအတွက် ငွေကြေး၊ ဂုဏ်၊ ပကာသန တစ်စုံတစ်ရာကို မျှော်လင့်၍ ရေးသားခြင်း လုံးဝမဟုတ်ပါပဲ မိမိရေးသားသော ဤစာအုပ်အား

ဖတ်မိသော သူတို့အတွက် တစ်စုံတစ်ရာသော အသိအတွေးရစေပြီး၊ ကိုယ့်ကို ကိုယ်အတွက် သော်လည်းကောင်း၊ လောကလူ့ဘောင်အတွက် သော်လည်းကောင်း၊ မိမိတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကို ပြုပြင်ဆောင်ရွက်လိုသော ဆန္ဒတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့မည်ဆိုလျှင် ကျွန်ုပ်သည် ဤစာအုပ်အား ရေးသားရကျိုးနပ်ပြီဟု ယူဆ၍ မိမိ၏ အရည်အချင်း အတိမ်အနက် ပမာဏကို တွေးထင်၊ နှိုင်းဆမနေနိုင်တော့ပါပဲ လက်လှမ်းမှီသမျှ စာပေကျမ်းကိုးများနှင့် ငါတွေ့နှင့် စာတွေ့ကို ရောကာ ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ရေးသားရာတွင် ဆရာကြီး ရွှေဒုံဘီအောင် ''ရုပ်ရှင်ပညာအမြုတေ'' စာအုပ်တွင်ရေးသားခဲ့သလို ''တကယ်တော်၍ကျော်သော ပညာရှိပုဂ္ဂိုလ်ကြီးများသည် ဤခေတ်၌ ထင်ရှားရှိနေကြ၏။ ထိုပုဂ္ဂိုလ်တို့၏ လက်ရာများ ပြောင်မြောက်တောက်ပနေသော ဤကာလတွင် ရွှေဒုံးဘီအောင်သည် လူကျယ်လုပ်၍ စာမရေးရဲတော့ပြီ'' ဆိုသလို ကျွန်ုပ်သည်လည်း မိမိကိုယ်မိမိ ''စာရေးဆရာ'' ဟု ''ဆရာ''ဟူသော ဂုဏ်ပုဒ်တပ်၍ အခေါ်ခံရမည်ကိုပင် ကြောက်သည်၊ ရှက်သည်ဖြစ်၍ မိမိကလောင်အမည်ကို ရေးသားရာတွင် အစဉ်အမြဲ ''စာရေးသူ''စာရေးသူဟူ၍သာ ရေးသားလေ့ရှိခဲ့လေ့ရှိပါသည်။

သို့သော်လည်း မိမိရေးသော အကြောင်းအရာများသည် ကျယ်ပြန့်၍ အစွန်းနှစ်ဘက်ရှိသော အကြောင်းအရာများ ပါဝင်နေသောကြောင့် စာဖတ်သူတို့၏ အတွေးအမြင် ဆန္ဒတို့နှင့် မတိုက်ဆိုင် ဆန့်ကျင်နေခဲ့လျှင်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် အကြောင်းတိုက်ဆိုင်၍ မကျေနပ်မှုများရှိခဲ့မည်ဆိုလျှင်လည်း မိမိသည် တစ်စုံတစ်ယောက်သောသူကို ထိခိုက်

စေလိုသော ဆန္ဒအလျှဉ်းမရှိပါဘဲ မိမိတို့ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို မျှော်ကိုး၍ ရေးသားခြင်းဖြစ်သောကြောင့် မိမိအပေါ်တွင်လည်းကောင်း၊ ဤစာအုပ်အပေါ်တွင်လည်းကောင်း၊ နားလည် သည်းခံနိုင်ပါစေဟု ဆုတောင်း လိုက်ရပေသည်။

အကယ်၍ ဤစာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ ဝေဖန်အကြံပြုဆွေးနွေးလိုလျှင် စာအုပ်တိုက်မှတဆင့် ဆက်သွယ် ရေးသား ဝေဖန်အကြံပြုနိုင်ကြောင်း အမှာမဟုတ်သော အမှာအဖြစ် ရေးသားလိုက်ရ ပေတော့သည်။

စာရေးသူ - ရောဝတီ လွမ်းနောင်

## "အဘယ်သို့သော သတ္တဝါကို လူဟုခေါ်ပါသနည်း။"

ပခုံးနှစ်ဖက်ကြားမှာ ခေါင်းပေါက်ပြီး သုံးဆယ်နှစ် "ကောဋ္ဌာသ" ပြည့်စုံလျှင် ဒေါင်လိုက်လမ်းလျှောက်ပြီးသွားလာနိုင်လျှင် လူသားဟုခေါ်ပါသလား ..... ?

လူဆိုတာ လူသားဆန်တဲ့စိတ်ဓာတ်၊ လူသားဆန်တဲ့အကျင့်စရိုက်ရှိမှ လူလို့ခေါ်နိုင်မှာပါ။ ထိုသို့ဆိုလျှင် လူသားဆန်တဲ့ လူသားတစ်ယောက်၏ အကျင့်စရိုက်စိတ်ဓာတ်ဆိုတာ ဘယ်လိုပုံစံမျိုးလဲ လူသားဆန်တဲ့ အကျင့်စရိုက် ကျင့်ကြံနေထိုင်ပုံဆိုတာ ဘာတွေလဲ ......?

လူသားတစ်ယောက်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မယ်ဆိုလျှင် ဒါတွေ တကယ်သိဖို့လိုအပ်ပါတယ်။ သိပြီးကျင့်ကြံနေထိုင်လိုက်နာဖို့လည်း လွန်စွာ ပို၍ အရေးကြီးလှပါသည်။ ကြီးကျယ် မြင့်မြတ်တဲ့ လူသားဆိုတဲ့ ဘဝကို

ခံယူထားတဲ့ လူသားတိုင်းရဲ့ စိတ်ဓာတ်တွေဟာ မြင့်မြတ်ကောင်းမွန်ဖို့ စိတ်ဓာတ် အဆင့်အတန်း မြင့်မြတ်ဖို့ လိုအပ်ပါတယ် ...။

ထိုသို့ စိတ်ဓာတ်အဆင့်အတန်းမြင့်မှသာ လူသားဆန်တဲ့ ကျင့်ကြံနေထိုင်မှု၊ လူသားဆန်သော စိတ်ဓာတ်တို့ဖြစ်တည်လာနိုင်ပြီး၊ လူသားတစ်ယောက်ရယ်လို့ ခေါ်နိုင်မှာပါ။ ဒါဟာ လူသားတစ်ယောက်ချင်းစီအတွက် လိုအပ်ပါတယ်။ ပခုံးနှစ်ဘက်ကြားမှာ ခေါင်းပေါက် သုံးဆယ့်နှစ် "ကောဋ္ဌာသ" ပြည့်စုံရုံ ဒေါင်လိုက်သွားနိုင်ရုံနှင့် လူလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး၊ သတ္တဝါတစ်မျိုးသာ ဖြစ်နိုင်ပါလိမ့်မယ်။

လူသားဆန်တဲ့ မြင့်မြတ်တဲ့ စိတ်ထားမျိုးရှိမှ လူသားလို့ခေါ်နိုင်သည်ဆိုတော့ ဒီလိုလူသားဆန်တဲ့ မြင့်မြတ်တဲ့စိတ်ထားမျိုးရရှိဖို့ မိမိတို့ စိတ်ပိုင်းဆိုင်ရာ ဗီဇကို တိုးတက်ကောင်းမွန်အောင် အားထုတ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုအားထုတ်လုပ်ဆောင်ရာတွင် မည်သူတစ်စုံတစ်ယောက် ဖန်ဆင်းရှင်၊ တန်ခိုးရှင် နတ်ဒေဝါဆိုသော တစ်စုံတစ်ရာ၏ ကောင်းချီးပေးမှု၊ မဆမှုတို့ကို တောင်းခံနေစရာမလိုပေ။ တောင်းခံနေ၍လည်း မိမိတို့၏ စိတ်ဓာတ်အဆင့်အတန်းသည် မြင့်မားလာနိုင်မည်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင်ပြုပြင်ပြောင်းလဲနိုင်မှသာ တိုးတက်မှုတစ်စုံတစ်ရာ ရရှိနိုင်ပါလိမ့်မည်။

ထိုသို့ ပြုပြင်ရာတွင်လည်း မိမိတို့၏ ရုပ်ခန္ဓာကိုယ်အား မြင့်မြတ်လှပါသည်ဟု ဆိုသော မြစ်ရေတွင် သက်ဆင်းဆေးကြောခြင်း အားဖြင့်လည်းကောင်း .....၊

မိမိတို့၏ ခန္ဓာကိုယ်အား ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့်သော်လည်းကောင်း၊ သက်ရှိတို့၏ သွေးသားများဖြင့် ယစ်ပူဇော်ကာ ဆေးကြော၍ငင်း သန့်စင်မြင့်မြတ်ကောင်းမွန်အောင် ပြုပြင်နိုင်လိမ့်မည်မဟုတ်ပါ။

ကိုယ်ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုးလျက် ကိုယ့်စိတ်ကို ကိုယ်ပြုပြင်မှသာလျှင် ပြုပြင်နိုင်သလောက် တိုးတက်ကောင်းမွန် မြင့်မြတ်လာနိုင်လိမ့်မည်။

ယနေ့ခေတ်အခါတွင် တချို့သောသူတို့သည် မိမိတို့၏ မျိုးရိုးဂုဏ်၊ ဥစ္စာခန ငွေကြေးကြွယ်ဝမှု ရာထူးဂုဏ်တို့ဖြင့် မိမိတို့သည် မြင့်မြတ်လှပေစွဟု ထင်မှတ်ကြပြီး ငွေကြေးချမ်းသာ ကြွယ်ဝသူကလည်း ဆင်းရဲနွမ်းပါးသူကို ရာထူးဂုဏ်ရှိန်ကြီးသူကလည်း ရာထူးငယ်သူတို့ကို မတူမတန်သလို ဆက်ဆံတတ်ကြပေသည်။

အားမနာတမ်းပြောရလျှင် ထိုသို့သောလူများသည် လူသားဆန်သော စိတ်ဓာတ်မရှိသူများသာဖြစ်ကြလေသည်။ ငွေကြေးဥစ္စာရာထူးဂုဏ် မျိုးရိုးဂုဏ်တို့သည် လူသားတစ်ယောက်၏ စိတ်ဓာတ်အဆင့်အတန်းကို သတ်မှတ်ပေးနိုင်သောအရာများ လုံးဝမဟုတ်ပါချေ။ လူသားဟု အခေါ်ခံထိုက်စေဖို့ လူသားဆန်သော စိတ်ဓာတ်ဆိုသည်မှာ လူသားတိုင်းကို လူသားဆန်စွာ လေးစားစွာ ဆက်ဆံတတ်ခြင်း နွမ်းပါးချို့တဲ့ ဂုဏ်ငယ်သူတို့ကို ဖေးမကူ ညီတတ်ခြင်း ရိုးသားဖြောင့်မတ်ခြင်း အမှန်ကိုချစ်မြတ်နိုးခြင်း စသည်အားဖြင့် အချုပ်ကိုဆိုရလျှင် ဗြဟ္မစိုရ်တရားလေးပါးဖြစ်သော မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဆိုသော သတ္တဝါအပေါင်းတို့အပေါ်

ချစ်ခင်ကြင်နာနိုင်ခြင်း၊ ဒုက္ခရောက်သူတို့အပေါ် သနားညှာတာစွာဖြင့် ပြုသော ကာယကံ ဝစီကံ မနောကံတို့ရှိခြင်း မိမိထက်သာလွန်သော ကောင်းခြင်း မြင့်မြတ်ခြင်း၊ ချမ်းသာခြင်းတို့အပေါ် ဂုဏ်ယူဝမ်းမြောက်နိုင်ခြင်း အကျိုးမရှိစေသော အရာများကို မေ့ပျောက်လစ်လျူရှုနေနိုင်ခြင်းတို့သည် လူသားဆန်သော အကျင့်စရိုက်များ ဖြစ်ပါသည်။

ထိုသို့ မြင့်မြတ်သော လူသားသည် အားနည်းသူတို့၏ အားနည်းချက်များကို ချစ်ခင်ကြင်နာခြင်းဖြင့် ဒုက္ခရောက်သူတို့အပေါ်ကို စာနာစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည့်စုံကောင်းမွန်သူတို့ကို လေးစား ဝမ်းမြောက်နိုင်ခြင်းဟူသော စိတ်ထားမျိုး အနည်းဆုံးအနေနှင့် ရှိရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**(စကားချပ်)**

ပါဠိတွင်လူသားကို ' မနုဿ' ခေါ်တွင်ပြီး 'မနုဿ'ကို တိုက်ရိုက်အဓိပ္ပါယ်ပြန်ဆိုသောအခါ 'မနု'သိတယ်၊ 'ဉဿ' သတ္တဝါဟု အဓိပ္ပါယ်ရပါတယ်။ ထို့ကြောင့် အသိရှိသောသတ္တဝါကို လူဟုခေါ်ပါသည်။

## အဘယ်သို့သော လက္ခဏာရှိသူကို ယောကျ်ားပီသသူဟု ခေါ်ပါ သနည်း

မသတ္တဝါတွေနှင့် ဆန့်ကျင်ဘက်လိင်အင်္ဂါ ပါရှိသူတို့ကို အဖို/အထီး လူသားများအတွက် ယောကျ်ားဟု ခေါ်ကြလိမ့်မည်ဖြစ်ပါသည်။ သို့သော် ၎င်းတို့ထဲတွင် ယောကျ်ားပီသသူနှင့် မပီသသူဟူ၍ ခွဲခြားပြောဆိုကြ လေသည်။ ထိုသို့ပြောဆိုကြရာတွင် အဘယ်သို့သော အင်္ဂါလက္ခဏာများဖြင့် ခွဲခြား၍ ပြောဆိုကြပါသနည်း။ တစ်ခါက ကျွန်ုပ်သည် ကိုအောင်စိုး ဆိုသော ရန်ကုန်သား တစ်ဦးကို အဖော်ပြုလျက် လုပ်သားသုံးဆယ်ကျော်ပါသော ငါးဖမ်း သင်္ဘောကြီးတစ်စီးတွင် ရေလုပ်သားအဖြစ် လိုက်ပါခဲ့ဖူး၏။ တစ်နေ့တွင် လေဒီယိုလှိုင်းမှ မိုးလေဝသ သတင်းတစ်ရပ်ကြောင့် သင်္ဘော သည် လေကွယ်ရာသို့ ခုတ်မောင်းပြီး လေခို၍ ကျောက်တောင်များကြား တွင် ကျောက်ချကာ သုံးလေးရက်မျှ

ခိုအောင်းနေရလေသည်။ ထိုသို့ လေကွယ်ရာတွင် ခိုအောင်းနေစဉ် ကျွန်ုပ်တို့ လုပ်သားများမှာ ကိုယ့်အစုနှင့် ကိုယ် ဝါသနာပါရာ အလုပ်များကို လုပ်၍ နေကြ လေသည်။

ကျွန်ုပ်နှင့် ကိုအောင်စိုး မှာ အပေါ်ဆုံးထပ်တွင် အတူနေကြရာ ထိုနေ့တွင် အခန်းတွင်းရှိ TV အသေးလေးတစ်လုံးဖြင့် မိရာ ရုပ်သံလိုင်းများကို ဖမ်း၍ ကြည့်နေကြ လေသည်။ TVမှ ပြသ ထုတ်လွှင့်သော အစီအစဉ်မှာ ကာယအလှမောင် ပြိုင်ပွဲ တစ်ခုဖြစ် လေ၏။ အရုပ်အမောင်း အလုံးအထည် ကြွက်သား အဖု အထစ်တို့ဖြင့် ကြီးမားသော လူကြီးများကို ကြည့်နေရင်းမှ ကိုအောင်စိုးသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ "ဒါမျိုးကြီးတွေမှ တကယ့် ယောကျာ်းကွ"ဟု ပြောလိုက်လေသည်။

သူ့စကားကို နားထောင်ရသော ကျွန်ုပ်စိတ်ထဲတွင် တစ်မျိုးကြီး ခံစားရလေသည်။ ခေါင်းထဲတွင် မေးခွန်းများပေါ်လာလေသည်။ ဒီလို အလုံးအထည် အရုပ်အမောင်းရှိခြင်းကို ယောကျာ်းပီသခြင်းဟု ခေါ်ဆိုနိုင်ပါသလား ပုပုညက်ညက် ဖြစ်နေလျှင် ယောက်ကျာ်းမပီသနိုင်တော့ ပြီလားဟု တွေးမိခဲ့ပါတယ်။

ထိုအချိန်မှစ၍ ကျွန်ုပ်၏စိတ်တွင် ကိန်းအောင်းခဲ့သော ဆန္ဒတစ်ရပ် ရှိခဲ့လေသည်။ ထိုဆန္ဒမှာ တကယ့်ယောကျာ်းဆိုတာ ဘယ်လိုလူ ဘယ်လို ပုဂ္ဂိုလ် ဘယ်လိုလုပ်ရပ်နှင့် စိတ်ဓာတ်ရှိသူ ဘယ်လိုနှလုံးသား ရှိသူကို ယောကျာ်းပီသသူ ဖြစ်သည်ဟု (တတ်စွမ်းသမျှ) ပြည့်စုံစွာဖြင့် "ဟဒယံ

ပုရိသော''အမည်ဖြင့် ဤစာစုများကို ရေးသားရန်ဟူသော ဆန္ဒဖြစ်လေသည်။

တကယ့်ယောကျ်ား ယောကျ်ားပီသသူ ဆိုသည်မှာ ရုပ်ရည်ပိုပန်းတစ်ခု တည်းဖြင့် ခွဲခြားရန် မလုံလောက်ကြောင်းကို လူတိုင်းလိုလိုပင် သိကြလေသည်။

ထိုသို့ဆိုလျှင် ယောကျ်ားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော အရည်အချင်း ဆိုသည်မှာ အဘယ်နည်း ....

အဘယ်သို့သော စိတ်ဓာတ် အဘယ်သို့သော လုပ်ရပ်များ ရှိခြင်းသည် 'ပုရိသ' ဆိုသော ယောကျ်ားတစ်ယောက်၏ စိတ်ဓာတ် နှလုံးသား ဖြစ်သည်ကို စာဖတ်သူတို့ ကိုယ်တိုင် သုံးသပ်ကြည့်စေချင်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ အလုံးအထည်၊ အကောင်အကြီးအသေး တို့ဖြင့်ကား ဆုံးဖြတ်၍ မရခြင်းသည် အမှန်ပင်ဖြစ်လေသည်။ ရှေးအခါက ယောကျ်ားတို့ တတ်အပ်သော အဋ္ဌာရသ (၁၈)ပါးဆို၍ အတတ်(၁၈)မျိုးကို ယောကျ်ားတို့ မဖြစ်မနေ တတ်ကြရမည်ဟု အဆိုရှိခဲ့လေသည်။

သို့သော် ထို 'အဋ္ဌာရသ' (၁၈)ပါးသည် တတ်အပ်သော အတတ်မျှသာ ဖြစ်လေသည်။ ထိုအတတ်များတတ်လျှင် ယောကျ်ားပီသပြီဟု မဆိုသာသေးပေ။ ထိုအတတ်(၁၈)ပါးကို လေ့လာကြည့်နိုင်စေရန် အောက်တွင်ဖော်ပြလိုက်ပါသည်။

## (အဋ္ဌာရသ – ၁၈ ပါး)

| | | |
|---|---|---|
| သုတိ | = | အကြားအမြင် |
| သမ္မုတိ | = | ဓမ္မသက်အတတ် |
| သင်္ချာ | = | ရေတွက်ခြင်းအတတ် |
| ယောဂါ | = | တံစည်းစူးဆောက်အတတ် |
| နီတိ | = | အကျင့်တရားကိုပြသောအတတ် |
| ဝိသေသကာ | = | ယာယီယတြာစသောအတတ် |
| ဂန္ဓဗ္ဗာ | = | စောင်းညှင်းသောကဗျာအလင်္ကာအတတ် |
| ဂဏိကာ | = | လက်ဆစ်ချိုး၍ ရေတွက်သောအတတ် |
| ဓနုဗေဒ | = | ဒူးလေး/လင်းလေး အစရှိသော လေးအတတ် |
| ပုရာဏာ | = | စကားဟောင်းအတတ် |
| တိကိစ္ဆ က | = | ဆေးအတတ် |
| ဣတိဟာသ | = | ရယ်ရွှင်ဖွယ်အတတ် |
| ဇောတိ | = | ဗေဒင်အတတ် |
| မာယာ | = | လှည့်ပတ်မှုအတတ် |
| ဆန္ဒတိ | = | ဆန်းကျမ်းအတတ် |
| ကေတု | = | သံတမန်အတတ် |
| မန္တန | = | မန္တန်အတတ် |
| သဒ္ဒါ | = | သဒ္ဒါကျမ်းအတတ် တို့ဖြစ်ကြလေသည်။ |

ကျွန်ုပ်ဆိုလိုသော ယောကျ်ားပီသသော စရိုက်လက္ခဏာဆိုသည်မှာ ထိုသို့သော ယောက်ကျ်ားတို့တပ်အပ်သော အတတ်တို့ကို တက်မြောက်ပြီး ကိုယ်ပိုင် အယူအဆနှင့် တွေးတောဆင်ခြင်တတ်ခြင်း၊ မိမိကိုယ်ကို အားကိုးသူဖြစ်ခြင်း၊ ပျင်းရိခြင်းမရှိသူဖြစ်ခြင်း၊ တာဝန်ယူရဲခြင်း၊ ရဲရင့်ခြင်း၊ သစ္စာရှိခြင်း၊ အမှန်တရားကို မြတ်နိုးတန်ဖိုးထားခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်း ဆိုသော လက္ခဏာ စရိုက်များ ရှိမည်ဆိုလျှင် ပုညက် သေးကွေးခြင်း၊ ကြီးမားထွားကျိုင်းခြင်းက အဓိက မဟုတ်ဘဲ ယောကျ်ား ပီသသူဟု ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

မှတ်ချက်အဖြစ် ကျွန်ုပ်ယုံကြည်သော ယောကျ်ားပီသမှု လက္ခဏာ (၁၀)ချက်ကို **ခေတ်သစ် ပုရိသ လက္ခဏာ(၁၀)ပါးအဖြစ် တင်ပြလိုက်ရ ပေသည်။**

၁။ ကိုယ်ပိုင်အယူအဆဖြင့် ဆင်ခြင်တွေးတောနိုင်ခြင်း
၂။ မိမိကိုယ်ကို အားကိုးသူဖြစ်ခြင်း
၃။ ပျင်းရိခြင်းကင်းသူဖြစ်သူ
၄။ မိမိကိုယ်ကို မိမိတာဝန်ယူနိုင်သူဖြစ်ခြင်း
၅။ အများကို ဝန်ခံရဲသူဖြစ်ခြင်း
၆။ ရဲရင့်ခြင်း
၇။ သစ္စာရှိခြင်း
၈။ အမှန်တရားကို မြတ်နိုးတန်ဘိုးထားခြင်း

၉။ ညှာတာစာနာတတ်ခြင်း

၁၀။ အပြစ်လုပ်သူတို့ မှားယွင်းသူတို့ကို ဆုံးမပြုပြင်နိုင်ခြင်း၊

ဆိုသော ဆယ်ချက်တို့ရှိမှ ထိုသူသည် အမှန်တကယ် ယောက်ကျား ပီသသူ ဖြစ်သည်ဟု ယုံကြည်မိပါသည်။

## ‘ရောင့်ရဲမှုနှင့်ယောကျ်ားအသည်း’

ဤကမ္ဘာပေါ်တွင် အလှအပကို တန်ဖိုးအမြင့်ဆုံး သက်မှတ်ပေးနိုင်သူများ တန်ဖိုးအဖြစ် မိမိအသက်ကို စွန့်လွှတ်ပေးနိုင်သူများ လှတစ်မျက်နှာအတွက် ဘဝအသက်ပါပေးခဲ့သူများစာရင်းကို ကောက်ကြည့်မည်ဆိုလျှင်..

‘ပုရိသ’ဆိုသော ယောကျ်ားများ၏ စာရင်းသည်သာ မရေတွက်နိုင်အောင် များပြားနေမည်ကို မည်သူတစ်စုံတစ်ယောက်ကမျှ ငြင်းနိုင်လိမ့်မည်မဟုတ်ပါ။ သို့ရာတွင် ယောကျ်ားတစ်ယောက်၏ နှစ်သက်မက်မောမှုသည် အလှတစ်ခု တည်းတော့မဟုတ်ချေ။ လှပ၍ သိမ်မွေ့နူးညံ့ပြီး ကြည်နူးဖွယ်ရာဆိုသောအရာများ ပေါင်းစပ်တည်ရှိမှု အဘယ်သို့ သောယောက်ကျ်ားမဆို မက်မော တန်ဖိုးထားမိကြ လေသည်သာဖြစ်၏။

ယောကျ်ားတစ်ယောက်၏နှလုံးသားသည် လွန်စွာနူးညံ့၍ အထိအခိုက် မခံနိုင်သော ကွဲရှလွယ်သော အရာဖြစ်သည်ဟု ဆိုချင်ပါသည်။ လှသည် လှသော အရာအားလုံးကို ပိုင်ဆိုင်လိုပါသည်။ လှပ၍ နူးညံ့ သိမ်မွေ့မှုကို အလွန်နှစ်သက်တတ် သောကြောင့် **မိမိလက်ဝယ်ရှိ အလှတရား သိမ်မွေ့နူးညံ့ခြင်းများ တတ်သာ သော သိမ်မွေ့ခြင်း** နူးညံ့ခြင်း အလှတရားတို့ကို တွေ့တိုင်း နှလုံးသားက ပိုင်ဆိုင် ချင်ကြပါသည်။

အကယ်၍ ဘဝတွင် နူးညံ့သိမ်မွေ့၍ လှပသော ချစ်သူတစ်ယောက်ရှိ နေမည် ဆိုလျှင် ဂုဏ်ဓန မရှိသော်လည်း ရောင့်ရဲနိုင်သောသူများကို ရေတွက်ကြည့်မည် ဆိုလျှင်လည်း 'ပုရိသ'ဆိုသော ယောကျ်ားများသာ အနိုင်ရမှာသေချာလှပါသည်။

အထောက်အထားဖြင့် တင်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် တွင် ဆင်းရဲနွမ်းပါးသော ကျောင်းဆရာမလေးတစ်ဦးကို ဆရာဝန် ဒေါက်တာတစ်ဦးက လက်ထပ်ခဲ့ခြင်းမျိုး ရှိပါသည်။

သနားကြင်နာတတ်ပြီး ဖြူစင်သောစိတ်ထားရှိသော ရုပ်ရည် သင့်တင့်ရုံမျှ ရှိသော 'နပ်(စ်)မ'သူနာပြုဆရာမလေးအား ဘဝလက်တွဲဖော် အဖြစ် လက်တွဲ ခေါ်ခဲ့သော ဆရာဝန်များလည်း ရှိခဲ့ဖူးပါသည်။ ချမ်းသာ ကြွယ်ဝသော လူကြီး လူကောင်းများမှ ဆင်းရဲသော အမျိုးသမီးလေးများကို တင့်တောင်းတင့်တယ် လက်ထပ်၍ ဘဝလက်တွဲဖော်အဖြစ် တင်မြှောက် ခဲ့သော ဖြစ်ရပ်များလည်း များစွာ ရှိခဲ့ဖူးပါသည်။

သို့သော် ရုပ်ရည်သင့်တင့်ရှိသော ကျောင်းဆရာလေးတစ်ဦးကို လက်ထပ် ယူခဲ့သော ဆရာဝန်မ ဟူ၍ကား ကျွန်ုပ်မမြင်ခဲ့ဘူး မကြားခဲ့ဘူးချေ။

ကြင်နာတတ်ပြီး ရိုးသားဖြူစင်သော ယောက်ျားတစ်ဦးကို ဂုဏ်ဓန ခြံလွှာတွေကို စွန့်ပြီး ချစ်ရဲပါသည်ဆိုသော အဖြစ်များသည်ကား ဇာတ်လမ်းထဲ ရုပ်ရှင်ထဲမှာလောက်သာ ရှိခဲ့တာများပါတယ်။ အပြင်လောက တွင်ကား အကြောင်း အမျိုးမျိုးကြောင့် အကျဉ်းအကြပ် အနှောင်အဖွဲ့တို့မှ လွတ်မြောက်ရန် ခုတုံးလုပ် အသုံးချခြင်းမှလွဲ၍ ...

တင့်တောင်းတင့်တယ် လွတ်လပ်သော အမျိုးသမီးတစ်ဦးသည် မိမိထက် ဂုဏ်ဓန နိမ့်ပါးသော အမျိုးသားတစ်ဦးကို ဘဝလက်တွဲဖော်အဖြစ် လက်တွဲ လက်ထက်ခြင်းမျိုးသည် မရှိသလောက် ရှားပါးပါသည်။

စာဖတ်သူတို့ တွေ့ဖူးပါသလား။ အောက်တန်းစာရေးလေးနဲ့ ညားတဲ့ အရာရှိမရယ်လို့ လုံးဝမတွေ့ဘူးပါလို့ပဲ ဖြေရမှာပါ။ ဒါပေမယ့် စာရေးမလေးနဲ့ ညားတဲ့ အရာရှိတွေ အများအပြားရှိကြောင်း စာဖတ်သူတို့ အသိဖြစ်လေ သည်။

ထိုကွာခြားမှုမှာ အဘယ့်ကြောင့်ဆိုသော် မိန်းမတစ်ယောက်သည် ယောကျ်ား ယူသည်ဆိုရာတွင် အဘယ်သို့သော ဆန္ဒများဖြင့် ယူသည်ကို လေ့လာကြည့်လျှင် ရှင်းသွားနိုင်သည်။ မိန်းမများသည် အနေနီး၍ မရှောင်နိုင် မလွှဲနိုင်၍ ရှောင်လွှဲမရသော အကြောင်းများကြောင့်မှလွဲလျှင် အဘယ့်ကြောင့် ယောကျ်ားယူလိုပါသနည်းဟု ဆိုလျှင် အားကိုးလို၍ မှီခိုလို၍ဟူသော

ဆန္ဒများက များပါသည်။ ကယ်တင်လို၍ စောင့်ရှောက်လို၍ တင်မြှောက်လို၍ မြေထောင်မြှောက်ပေးလို၍ ဟူသော ဆန္ဒများဖြင့် ယူခဲ့ခြင်းမျိုး မရှိခဲ့ပေ။

'ပုရိသ'ဆိုသော ယောကျ်ားများသည်ကား ဤသို့မဟုတ် ကယ်တင်လိုသည်၊ ကာကွယ်ပေးလိုသည် စောင့်ရှောက်ပေးလိုသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသော အမျိုးသမီးလေးများကိုယူ၍ ဘဝကို ရောင့်ရဲနိုင်သော အသည်းယောကျ်ားများတွင် ရှိသည်ဟု ဆိုရပေမည်။

ငါသည် အဘယ်သို့သော အဆင့်အတန်းရှိသူဖြစ်၍ ဖြစ်သောကြောင့် ငါယူသော မိန်းမသည် ငွေကြေးချမ်းသာသူ၊ ဂုဏ်ခနရှိသူ၊ ဆွေကြီး မျိုးကြီး တန်ခိုးကြီးသူ အသိုင်းအဝိုင်းမှ ဖြစ်ရမည်ဆိုသော ကျဉ်းမြောင်းသော အတ္တသမားများ ရှိသော်လည်း အများအားဖြင့် ယောကျ်ားတို့သည် ဤနေရာ၌ ရောင့်ရဲနိုင်သော အသည်းရှိသူများ ဖြစ်ကြကြောင်း တင်ပြလိုက်ရပေသည်။

တကယ်တော့ လူ့ဘဝဆိုတာဟာ ရခဲလှပါတယ်။ သူ့ထက်ခက်တာက ယောကျ်ားတစ်ယောက်ဖြစ်ဖို့ပါ။ ထိုအထဲမှ ယောကျ်ားကောင်း ယောကျ်ားမြတ် တစ်ယောက်ဖြစ်ဖို့ဆိုတာက ပို၍ပင် ခက်ခဲလှပါတယ်။

ထိုသို့ ခက်ခဲသောဘဝကို ကျွန်တော်တို့ ပုရိသဆိုသော ယောကျ်ားများဟာ ရရှိသောအခါတွင် ကျွန်ုပ်တို့အနေဖြင့် ကိုယ်ကျင့်တရားတွေ မပျက်ကြဘူးဆိုလျှင် အများအကျိုး တိုင်းပြည်အကျိုးတို့ကို တကယ်သယ်ပိုးကြမည်ဆိုလျှင်ဖြင့် မိမိတို့ကိုယ်တိုင်ရော အများကပါ တန်ဖိုးထားသော

ယောက်ျားထူး ယောက်ျား မြတ်များ ဖြစ်ကြလိမ့်မည်မှာ အမှန်ဖြစ်တော့လေသည်။

အချုပ်အားဖြင့်ဆိုရသော် ဤကမ္ဘာလောကတွင် မြင့်မြတ်သော ယောက်ျားတို့ သည် မိမိတို့၏ မေတ္တာ သစ္စာ ဖွဲလုံ့လတို့ဖြင့် အမှတ်တရ ဘဝမှတ်တိုင်များကို စိုက်ထူ၍ ဤကမ္ဘာလောကကို အလှဆင်ခဲ့ကြလေသည်။ ထို့ကြောင့် 'ဟာဒယံပုရိသော' အမည်ရှိသော ဤစာအုပ်ငယ်တွင် မြင့်မြတ်သော ယောက်ျားတို့တွင် ရှိအပ်သော မေတ္တာ၊ သစ္စာ၊ ကရုဏာတို့ ကိန်းအောင်း သော ယောက်ျားတစ်ယောက်၏ နှလုံးသားတွင် ရောင့်ရဲ တင်းတိမ်ခြင်းဆိုသောအရာရှိပြီး၊ ထိုသို့ ရောင့်ရဲခြင်းသည် လောကကို အေးမြစေနိုင်ပါသည်။

## 'ပခင်စိတ်နှင့် အပေ၏တန်ဖိုး'

လူတစ်ယောက်အတွက် လူတစ်ယောက်က စွန့်လွှတ်အနစ်နာ ခံတယ် ဆိုတာ ကြီးမားတဲ့ မေတ္တာတရားရဲ့ ပြယုဂ်တစ်ခုပါပဲ။ ဒီအတွက် ထိခိုက် နစ်နာမှု တစ်စုံတစ်ရာ ရှိလာခဲ့မယ်ဆိုရင်တောင် တစ်သက်လုံး သိမ်းထားရ မယ့် ဝေဒနာတစ်ရပ်တော့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး။

မိမိရဲ့ပေးဆပ်မှုအတွက် ပေးဆပ်ခဲ့ရခြင်းအတွက် ပြုံးမိတဲ့ ပီတိအပြုံး တွေသာ ရှိနေမှာပါ။ ဒီအပြုံးဟာ နှုတ်ခမ်းလေးတစ်ဖက် တွန့်ချင်တွန့်နေ တတ်ပေမယ့် တစ်သက်လုံး ပြန်တွေးမိတိုင်း ပြုံးနေနိုင်မယ့် အပြုံးမျိုးပါ။

တစ်ခါတစ်ရံမှာ လူသားတစ်ယောက်အတွက် သို့မဟုတ် နှစ်ယောက် အတွက် လူသားတစ်ယောက်က မိမိဘဝကိုပေးပြီး အရှက်ဂုဏ်သိက္ခာ

အသက်တို့ကို ကယ်တင်ခဲ့တဲ့ အဖြစ်မျိုးတွေ ကြားဖူးတွေ့ဖူးကြမှာပါ။ ဒီလို ကယ်တင်ခဲ့တဲ့ သူရဲကောင်းတွေဟာ ကျွန်ုပ်တို့ 'ပုရိသ'လို့ခေါ်တဲ့ မြင့်မြတ်သော ယောကျ်ားများသာ ဖြစ်ပါတယ်။ တဒင်္ဂကပဲဖြစ်ဖြစ် ထာဝရပဲဖြစ်ဖြစ် ဖခင်တစ်ယောက်ရဲ့တန်ဖိုးဟာ သိပ်ပြီးအရေးကြီးပါတယ်။

အမေဘယ်သူဘယ်ဝါဆိုတာ မသိဘဲကြီးပြင်းလာသူ အမေမပေါ်သူ တစ်ယောက်အတွက် အမေ့မေတ္တာ မိခင်မေတ္တာကို လိုချင်တောင့်တလို့ "အမေရယ် ရက်စက်လိုက်တာဗျာ"ဆိုပြီး လူပုံအလယ်မှာ 'ကျွန်တော်ဟာ အမေမပေါ်ဘဲ မွေးဖွား ကြီးပြင်းခဲ့ရတာပါ' လို့ပြောရင် ရယ်သူရယ်မယ်၊ သနားသူများ သနားကြမယ်။

ဒါပေမယ့် တင့်တယ်ပါတယ်၊ အဖေမပေါ်ဘဲ မွေးဖွားကြီးပြင်းလာရတဲ့ လူတစ်ယောက်အတွက် 'ကျွန်တော်ဟာ/ကျွန်မဟာ အဖေရယ်လို့ ခေါ်စရာ မရှိပါဘူးလို့' အမှန်အတိုင်း ပြောရဲလိမ့်မှာ မဟုတ်ပါဘူး ပြောလို့လဲ တင့်တယ်မှာ မဟုတ်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ အဖေမပေါ်ဘဲ မွေးဖွား ကြီးပြင်းလာသူ တစ်ယောက်က 'ကျွန်တော်/ကျွန်မဟာ ဖခင် ဘယ်သူ ဘယ်ဝါသေချာစွာ မသိမရှိဘဲ မွေးဖွားကြီးပြင်းခဲ့သူပါလို့ လူပုံအလယ်မှာ ပြောလိုက်လျှင် ဘယ်သူတွေ ဘယ်လိုတွေးပြီး ဘယ်သူတွေ ဘယ်လို အကြည့်မျိုးနဲ့ ကြည့်မလဲ ပြုံးနေတဲ့လူ ရှိကောင်းရှိပေမယ့် အဲဒီ့အပြုံးဟာ နာခေါင်း နည်းနည်း တွန့်နေတဲ့ အပြုံးမျိုး ပြုံးနေတာ ဖြစ်ပါလိမ့်မယ်။ တချို့သော အမျိုးသမီးများ (မိခင်များ)ဟာလည်း အဲဒီ့ အဖေဆိုသော

နာမ်ပုဒ်ပိုင်ရှင်ကို ရှာမတွေ့လို့ ရှောင်ပြေးသွားလို့ မိမိသားသမီးကို မိမိသားသမီးပါလို့ မပြောရဲသူတွေ စွန့်ပစ်ခဲ့သူတွေ အများကြီးပါပဲ။

လူသားတစ်ယောက်အတွက် မိခင်ရဲ့ ကျေးဇူးတရားဟာ အလွန်တရာ ကြီးပါတယ်။ ဆပ်လို့မကုန်ဘူး မြတ်စွာဘုရားတောင် နို့တစ်လုံးဖိုးပဲ ကျေပါတယ်၊ ဆပ်နိုင်တယ်လို့ဆိုပြီး မိခင်မေတ္တာဘွဲ့တွေ ရေးကြတော့ ကျွန်တော်က ''ဖခင်''တစ်ယောက်ရဲ့ တန်ဖိုး ဖခင်တစ်ယောက်ရဲ့ ကြီးမားသောမေတ္တာ ဖခင်တစ်ယောက်ရဲ့ ကျေးဇူးတွေကို ထင်ရှားအောင် ရေးပြချင်ပါတယ် ...

ကျွန်တော်တို့ ကိုးကွယ်နေတဲ့ သုံးလောကထွဋ်ထား မြတ်စွာဘုရားတွေထဲမှာ ဘယ်ဘုရားကမှ ငါတော့ဖြင့် ဖခင်ကျေးဇူး ဆပ်ပြီးပြီ ကျေပြီလို့ ဟောကြားခဲ့တာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖခင်ပီသတဲ့ ဖခင်ဝတ္တရားကျေတဲ့ ဖခင်များရဲ့ ကျေးဇူးတရားဟာ ဆပ်လို့မကုန်နိုင်အောင် ကြီးမားလွန်းလို့ပါပဲ။ ထို့ကြောင့် အနန္တော အနန္တငါးပါးထဲမှာ 'ပိတု'ဆိုတဲ့ ဖခင်ကို ညစဉ်ဦးချကန်တော့ကြရတာပါ။

(သို့သော်လည်း လူသားတစ်ယောက်ဖြစ်လာပြီး တာဝန်ကျင့်ဝတ်တွေ မသိမရှိတဲ့ သူတွေကိုတော့ လူတစ်ယောက်လို့ မခေါ်ဆိုနိုင်သလို မိခင် ဖခင်လို့ ခေါ်ဆိုဖို့လည်း ထိုက်တန်မှာ မဟုတ်ပါဘူး။ သူတို့ဟာ သတ္တဝါ အထီး၊ အမများသာ ဖြစ်ကြပါလိမ့်မည်။)

အဖေဟာ သူဆင်းရဲ လူမွဲအရက်သမား ဘိန်းသမားဖြစ်ချင် ဖြစ်နေပါစေ မိမိငယ်စဉ်တောင်ကျေး ကလေးဘဝမှာ သူတတ်စွမ်းသမျှနှင့် ဖဝါးလက်နှစ်လုံး ပုခုံးလက်နှစ်သစ်ကို လူဖြစ်အောင် ကျွေးမွေးပေးခဲ့သော ကျေးဇူးရှင် ဖြစ်ခဲ့မယ်ဆိုလျှင် မပြစ်မှားသင့်ပါဘူး။ ပြစ်မှားတဲ့အပြော ပြစ်မှားတဲ့အလုပ်တွေဟာ ငရဲကျဖို့ လမ်းစတွေပါပဲ...

လူသားတစ်ယောက်ဖြစ်ပေါ်လာဖို့ မိခင်မရှိဘဲ မဖြစ်နိုင်သလို ဖခင်မရှိဘဲလည်း ဖြစ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် " **MOTHERS DAY** "(အမေများနေ့)ရယ်လို့ ဖြစ်ပေါ်လာခဲ့ သလို "**FATHERS DAY** " (အဖေများနေ့)ကိုလည်း ဖြစ်ပေါ်လာသင့်ပြီ ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

ဤနေရာတွင် ကျွန်ုပ်၏အမြင်တစ်ခုကို တင်ပြလိုသေး၏။ အချို့သော အမျိုးသမီးများ ပြောသော စကားဖြစ်သည့် 'ရှင်က ဘာဝတ္တရားကျေလို့လဲ အဖေ ခေါ်ခံထိုက်လို့လား'ဆိုသော စကားပင်ဖြစ်၏။ ဒီစကားကို လူတိုင်း လိုလိုပင် ကြားဖူးကြမည် ထင်ပါသည်။ မှန်သည်မှားသည် မဆိုကြသော်လည်း လူတိုင်းလက်ခံထားနိုင်သော စကားပင်ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် သဘာဝ တရားအရ မလွန်ဆန်နိုင်လို့ ကိုးလလွယ် ဆယ်လဖွားခဲ့ကြပေမယ့် လူမသိ သူမသိ လမ်းဘေးမှာ စွန့်ပစ်ခဲ့သော အမေမျိုးတွေ မွေးသာမွေးထား ရတယ် မကြည်မဖြူဖြင့် ကျွေး၊ ပေးနေရသဖြင့် စောင့်အောင့်ဆဲဆိုပြီး ပေးကျွေးနေသူ မိန်းမများသည်လည်း အမေမိခင်ဟု မခေါ်ထိုက်သူများဟု ဆိုလျှင် လွန်လေ မလား။

တကယ်တော့ ဒါအမှန်တရားပါ။ ဘယ်သူမဆို မိမိရဲ့ တာဝန်ဝတ္တရား တွေ ကျင့်ဝတ်တွေနဲ့ မညီလျှင် ကြီးမား မြင့်မြတ်တဲ့ ဂုဏ်ရှိ အမည်တွေကို ခံယူထိုက်ပါဘူး။ သန့်စင်မွန်မြတ်တဲ့ မိခင်မေတ္တာ၊ သန့်စင်မွန်မြတ်တဲ့ ဖခင်မေတ္တာတို့ဖြင့် မိဘဝတ္တရား ကို ကျေပြွန်သော အမျိုးကောင်းသား၊ အမျိုးသမီးကောင်းတို့သည်သာ မိဘဟု ခံယူထိုက်ကြလေသည်။

သွေးသားရင်းချာ မတော်သော်လည်း အမိဝတ္တရား အဖဝတ္တရား များကို ပြုကျင့်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တို့သည်လည်း အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ ဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဖခင်စိတ်ဖြင့် ကယ်တင်သူ ဖခင်စိတ်မွေးသူတို့သည် မြင့်မြတ်သော ယောက်ကျ်ား အဖေများသာ ဖြစ်လေ တော့သည်။

သို့သော် ဖခင်စိတ်မရှိသူ မိမိတာဝန်ကို မိမိမယူဝံ့သူတို့သည် နိမ့်ကျသော သေးနုပ်သော ယောကျ်ားမပီသသော သူများသာဖြစ်ကြ လေသည်။

ဤနေရာတွင်အလျဉ်းသင့်၍ စာပေခရီးလျှောက်လှမ်းကြသူတို့ကိုလည်း တိုက်တွန်းလိုသည်မှာ

အရွယ်ရောက်ပြီးသော ယောကျ်ားတိုင်းသည် ကြီးမြတ်သော ဖခင်မေတ္တာ၏ တန်ဖိုးကိုနားလည်၍ ဖခင်စိတ်ဖြင့် ဖခင်ဝတ္တရားကို ထမ်းဆောင်စေချင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ဖခင်၏တန်ဖိုး ဖခင် မေတ္တာ၏တန်ဖိုး အရေးပါပုံတို့ကိုလည်းကောင်း၊ လင်ယောကျ်ား

တစ်ယောက်၏ အရှိန်အဝါကို နိမ့်ကျစေသော အပြော၊ အရေး၊ အဆိုတို့သည် **(ငြိမ်းချမ်းသော လူသားကမ္ဘာ ကို ဖျက်ဆီးနေခြင်းသာဖြစ်ပါသည်။)** တစ်ခုသောအရာ၏ မြင့်မြတ်ခြင်းကို ပြချင်၍ သူ့ထက်မြင့်သောအရာကို တွန်းချ၍ ဖယ်ရှားပြသခြင်းသည် မိုက်မဲသော လုပ်ရပ်သာဖြစ်ပါလိမ့်မည်။

ယှဉ်၍ပြသည်၊ ပြိုင်၍ပြသည်ဆိုရာတွင် ကောင်းသောအရာထက် ကောင်းနိုင်မှသာ ပို၍ကောင်းသောအရာဟု လက်ခံနိုင်ပါလိမ့်မည်။စစ်မှန်သော မေတ္တာဆိုသည်မှာ ပြန်လည်ရယူလိုသော မျှော်လင့်ချက်ဖြင့် လုပ်ဆောင်ပေးခြင်းမျိုး လုံးဝမဟုတ်ပါချေ။

ဖခင်တစ်ယောက်၏ မေတ္တာသည် လူသား တစ်ယောက်အတွက် အလွန်အရေးပါသော နွေးထွေးသော လုံခြုံသောအရာ ဖြစ်ပါသည်။ ရှေ့ဆက်သွားရမည့် ဘဝခရီးအတွက် လမ်းပြမီးအိမ်ကြီး တစ်လုံး အမှန်ပင် ဖြစ်လေတော့သည်။

မိခင်သည် လမင်းကြီးနှင့်တူသလို ဖခင်သည်လည်း နေမင်းကြီးနှင့် တူပါသည်။ နွေးထွေးလုံခြုံသော ဖခင်မေတ္တာ မရှိ မရခဲ့ဘူးသော လူသား တစ်ယောက်သည် အဘယ်မျှပင် ပြည့်စုံပါသည် ဆိုသော်ငြားလည်း ထိုသူ၏ စိတ်တစ်နေရာတွင် ဒဏ်ရာတစ်ခု သို့မဟုတ် ခံစားချက်လေး ခံစားချက်ကြီးတွေ အားနည်းမှုတွေ တွေ့ရှိ ခံစားနေရမှာ အမှန်ပင် ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် နေမင်းကြီး၏ အလင်း ရောင်ကို မရရှိသော သစ်ပင်ငယ်နှင့် အလားတူပါသည်။ မည်မျှပင် မြေဩဇာ ပြည့်စုံစေကာမူ လောင်းရိပ်မိသော

သစ်ပင်တို့သည် နေ၏အလင်းရောင်ကိုရသော သစ်ပင်များနှင့် တူနိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့် ဖခင်မေတ္တာသည် လူတစ်ယောက်အတွက် အလွန်အရေး ပါသည်ဟု ဆိုကြသည်။ လေ့လာသူများ၏ အဆိုအရ ဖခင်သည် စိတ်ပိုင်း ဆိုင်ရာ ခံစားမှုပိုင်းတွင် အဓိကကျသော နေရာတွင်ရှိသည်ဟု ဆိုကြလေသည်။ ဖခင်၏ သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံတို့သည် သားသမီး၏ စိတ်တွင် ပုံပေါ်အရိပ်ထင်ကာ စိတ်ဓာတ် ဗီဇ စရိုက်ကို ပုံပေါ်စေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ...

ဖခင်သည် လူသားတစ်ယောက်အတွက် အလွန်အရေးပါသော သူ တစ်ယောက်ဖြစ်ပါသည်။ လူသားတစ်ယောက်၏ ဘဝပုံသဏ္ဍာန်ကို ထုစစ်သော ပန်းပုဆရာဖြစ်လေသည်။

ထိုမျှအရေးပါသော မရှိလျှင်မဖြစ်သော ကြီးမားမြင့်မြတ်သော ဖခင်မေတ္တာ ထားကုန်သောအမျိုးကောင်းသား ဖခင်များအား လေးစား ဂုဏ်ယူလျက် ဦးညွှတ်လိုက်ရပေသည်။

**မှတ်ချက်**

မြန်မာနိုင်ငံတွင် "**FATHERS DAY**"(**အဖေများနေ့**)
ပေါ်ပေါက်လာရေးကို ရည်ရွယ်၍ တင်ပြလိုက်ရပေသည်။

## စည်းကမ်းချက်နှင့် ချုပ်ချယ်မှု

စည်းကမ်းသည် လူ၏တန်ဖိုးဟုဆို၏။ စည်းကမ်းရှိမှ တန်ဖိုး ရှိနိုင်လိမ့်မည်ဖြစ်သည်။ သို့ရာတွင်စည်းကမ်းဆိုသည် အဘယ်နည်း။ တန်ဖိုးဆိုသည် အဘယ်သို့သော အရာနည်းဟု မေးစရာရှိလာလေသည်။ စည်းကမ်းဆိုသော အရာကို သုံးသပ်ရလျှင် –

လုပ်သင့်လုပ်ထိုက်သော လိုလားအပ်သောအရာများ ဖြစ်ပေါ်စေရန် မနှစ်သက်ဖွယ်များ ဖြစ်မလာစေရန် ဖြစ်မလာရလေအောင် လိုက်နာရန် လိုအပ်သော အရာများကို သက်မှတ်ပေးထားခြင်းကို စည်းကမ်းဟု ခေါ်နိုင်လေသည်။ ဤနေရာတွင် ရောထွေးနိုင်သော အရာတစ်ခုရှိလေသည်၊ ထိုအချက်မှာ သတိထားသင့်သော အရာတစ်ခုလည်း ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် စည်းကမ်းနှင့် ချုပ်ချယ်မှုသည် အကြောင်းအမျိုးမျိုးဖြင့် ရောထွေးလာတတ် သောကြောင့်ဖြစ်သည်။

စည်းကမ်းဟုဆိုကာ တစ်ဦးတစ်ယောက်၏ အကျိုးအလို့ငှာ ပုဂ္ဂိုလ်စွဲများဖြင့် တားမြစ်ပြစ်ချက်များကိုမူ စည်းကမ်းဟု ခေါ်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ထိုသို့သော အရာများကို ချုပ်ချယ်မှုဟု ရွေးထုတ်နားလည်သင့်ပါသည်။

တန်ဖိုးဆိုသော အရာအကြောင်းကို အနည်းငယ် အကျဉ်းမျှ ပြောချင်သေး၏။ တန်ဖိုးဆိုသည်မှာ သက်မှတ်ချက်တစ်ခုသာဖြစ်၏။ မိမိတန်ဖိုးကို မိမိသက်မှတ်နိုင်၏။ တစ်စုံတစ်ရာသောပစ္စည်းအား တစ်စုံတစ်ယောက်မှ အသက်တမျှ တန်ဖိုးထားခြင်းမျိုးသည် တစ်ဦးတစ်ယောက်၏ တန်ဖိုးသက်မှတ်ချက် ဖြစ်လေသည်။

အများနှင့်ကားမဆိုင်ချေ။ တစ်စုံတစ်ယောက်အတွက် အသက်တမျှ တန်ဖိုးထားသော အရာသည် အခြားသောသူတစ်ယောက်အတွက် တစ်ခါတစ်ရံတွင် တန်ဘိုးမဲ့နေတတ်၏။ တစ်ချိန်က ကျွန်ုပ်သည် ခရီးဝေးတစ်နေရာသို့ ရောက်နေစဉ် ကျွန်ုပ်ဖခင်ကြီးသည် ကွယ်လွန်ခဲ့လေသည်။ အပေဆုံးပြီး ရက်(၂၀)ကျော်မှ ကျွန်ုပ်သည် အိမ်သို့ပြန်ရောက်ခဲ့လေသည်။ ထိုအခါ မိခင်မှ အကြောင်းစုံကိုပြောကာ ဖခင်ရေးခဲ့သော (၁၂)မျက်နှာပါ သေတမ်းစာတစ်စောင်ကို ပေးလေသည်။ ဖခင်သည် သူသေမည်ကို (၃)လမျှ ကြို၍ သိခဲ့ပြီး သူမသေမီ ကျွန်ုပ်တို့အတွက် မှာချင်သည်များကို တစ်ဘက်ချော လျှောက်လွှာစာရွက်များပေါ်တွင် ရေးသားခဲ့ခြင်းဖြစ်လေသည်။

ဒေါင်းပျံစာပေ

ထိုသေတမ်းစာရှည်ကြီးထဲတွင် ငွေကြေး၊ ဥစ္စာပစ္စည်းများအကြောင်း လုံးဝ မပါချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏မိဘများသည် ရုပ်ဝတ္ထု ပစ္စည်းဥစ္စာ လွန်စွာဆင်းရဲကြသူများဖြစ်၍ ဖြစ်လေသည်။ သူ၏သေတန်းစာ ထဲတွင် ကျွန်ုပ်နေသင့် ထိုင်သင့်သော အရပ်ဒေသ ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ အချက်အလက်များနှင့် သူ၏ဘဝသင်ခန်းစာအချို့ကို ကျွန်ုပ်တို့ အတွက် ရေးသားခဲ့ခြင်းဖြစ်ပေရာ -

ထိုစာရွက်များသည် ကျွန်ုပ်အတွက် အသက်တမျှ တန်ဖိုးထားရသော စာရွက်များ ဖြစ်ခဲ့လေသည်။ သို့သော် တခြားသူများအတွက်မူ ၎င်းစာရွက် များသည် အကြွမ်းသုံးတောက်တိုမယ်ရ ထုပ်ပိုးသော စက္ကူအဆင့်သာ ရှိနိုင်ပေလိမ့်မည် ဖြစ်သည်။

ဤသည်မှာ တန်ဖိုး၏ အကျဉ်းမျှသော သဘောတရားပင် ဖြစ်လေ သည်။ ထိုသို့တစ်ဦးတစ်ယောက်၏ တန်ဖိုးထားခြင်းမှသည် အများ၏ ယုံကြည် သက်မှတ် တန်ဘိုးထားသော တန်ဖိုးများဖြစ်လာအောင် ကြိုးစား ယူကြခြင်း ဖြင့် အများမှ အသိအမှတ်ပြု တန်ဖိုးထားသော အရာများ ဖြစ်လာကြလေ သည်။

ထိုသို့သော တန်ဖိုးရှိသောသူများ ဖြစ်လာစေရန် လိုက်နာသင့် လိုက်နာ ထိုက်သော အရာများဖြစ်ဖို့ လိုအပ်ပေသည်။ ထိုမှသာ ထိုစည်းကမ်း များကို လိုက်နာခြင်းဖြင့် တန်ဘိုးရှိသော လူသားဘဝကို ဖော်ဆောင်နိုင်ပေ လိမ့်မည် ဖြစ်သည်။

သို့အတွက် လူသားတိုင်းလိုက်နာသင့်သော အရာများကို စည်းကမ်းဟု ခေါ်ဆိုနိုင်ပြီး ထိုစည်းကမ်းများကို လိုက်နာခြင်း မရှိသူ ဖောက်ဖျက်သူတိုင်းဟာ လည်း တန်ဘိုးမဲ့သူများ ဖြစ်ကြလေတော့သည်။ လူသားတိုင်းလိုက်နာရမည့် စည်းကမ်းဆိုသည်မှာ မည်သူတစ်စုံတစ်ယောက်ကိုမှ ကင်းလွတ်ခွင့် ပေးထားခြင်း မရှိနိုင်ပါဘူး။ သူကတော့ ဘာမို့ ဒီစည်းကမ်းဒီဥပဒေကို ချိုးဖောက်ရမည်ဆိုသော အရာသည် လုံးဝမရှိသင့်သော အရာဖြစ်လေသည်။ အကယ်၍သာ ရှိခဲ့မည်ဆိုလျှင် သဘာဝ၏ ဒဏ်ခတ်ခြင်းကြောင့် အများသူငါတို့တွင် အကျိုးယုတ်ခြင်းသည် ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဤနေရာတွင် စည်းကမ်းနှင့် ရောထွေးသွားတတ်သော ချုပ်ချယ်မှုတို့ကို ခွဲထုတ်နိုင်ရန် အကျဉ်းမျှ ချုပ်ချယ်မှုအကြောင်းကို တင်ပြလိုပါသေးသည်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အကျိုးစီးပွားအတွက် အများကို အကျိုးမပြုသော အများအကျိုးကို ထိခိုက်စေသော ရေရာသေချာသော အကြောင်းမရှိသော တားမြစ် ချက်များသည် တန်ဖိုးကို ဖြစ်ပေါ်စေနိုင်သော စည်းကမ်း၊ တန်ဖိုးရှိသော စည်းကမ်းများ မဟုတ်ကြချေ။ ချုပ်ချယ်မှု ပိတ်ပင်တားဆီးမှုများ သာဖြစ်သည်။ ထိုချုပ်ချယ်မှုနှင့် စည်းကမ်းကို အနီးစပ်ဆုံးလေ့လာကြည့်မည် ဆိုလျှင် မိမိတို့၏ မိသားစုအတွင်းတွင် မိဘနှင့်သားသမီး၊ လင်ယောကျ်ားမှ ဇနီးမယား၊ ဇနီးမယားမှ လင်ယောကျ်ားတို့အပေါ် အပြန်အလှန် တောင်းဆို တားမြစ်မှုတို့ကို စည်းကမ်းပေလော၊ ချုပ်ချယ်မှုပေလော၊ တွေးတောဝေဖန် ဆင်ခြင်ကြည့်နိုင်လေသည်။

ဒေါင်းပျိုစာပေ

စည်းကမ်းသည် လူသားကမ္ဘာအတွက် တကယ်လိုအပ်ပါသည်။ ချုပ်ချယ်မှုသည်ကား အုံကြွမှု တွန်းလှန်မှု ပေါက်ကွဲမှုတို့ကို ဖြစ်ပေါ်စေသော ကြောင့် လူသားကမ္ဘာ လူအသိုင်းအဝိုင်းတွင် နည်းလေကောင်းလေ မရှိလေကောင်းလေ ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

အလျဉ်းသင့်၍ နိုင်ငံကျော်သော ကျွန်ုပ်၏ ဆရာတစ်ယောက်မှ ကျွန်ုပ်တို့အား သင်တန်းတစ်ခုတွင် ပြောခဲ့ဖူးသည်ကို ဖောက်သည်ချရမည် ဆိုလျှင် မိဘတို့တွင် အကောင်းဆုံး မိဘဆိုသည်မှာ သားသမီးကို ဆုံးမလို့ ဆုံးမနေမှန်းမသိဘဲ လိမ္မာသွားအောင် ဆုံးမနိုင်သောမိဘသည် အတော်ဆုံး မိဘ အကောင်းဆုံးမိဘဟု ဆို၏။ ဆရာတွင်လည်း သင်ပေးနေသည်ကို တပည့်များက မသိလိုက်ဘဲ တပည့်များ တတ်သွားအောင် သင်နိုင်သော ဆရာသည် အကောင်းဆုံးအတော်ဆုံး ဆရာ ဖြစ်ပါတယ်လို့ဆိုတယ်။

နိုင်ငံကိုအုပ်ချုပ်သော အစိုးရတို့တွင်လည်း အစိုးရဆိုတာ ရှိနေသည် ဟုပင် ပြည်သူပြည်သားများ မသိရလေအောင် အုပ်ချုပ်နိုင်သော အစိုးရသည် အတော် ဆုံး အကောင်းဆုံးသော အစိုးရဖြစ်သည်ဟု ပြောခဲ့ဖူးလေသည်။ ထိုစကားသည် အလွန်မှန်လေစွ။ မိဘဖြစ်စေ ဆရာဖြစ်စေ မိန်းမဖြစ်စေ ယောက်ကျားဖြစ်စေ မိမိတို့ လိုချင် ဖြစ်ချင်သောအရာများကို တစ်ဘက်လူက အလိုလျောက် ဖြစ်လာ သိလာ လိုက်နာလာအောင် လုပ်ဆောင်နိုင်က အတော်ဆုံးလူသား ဖြစ်ပေလိမ့်မည်။

ထိုသို့ အတော်ဆုံး အကောင်းဆုံး တန်ဖိုးအရှိဆုံးသော လူသား ဖြစ်စေရန်မှာ မိမိကိုယ်တိုင် စည်းကမ်းနှင့် ချုပ်ချယ်မှုကို ခွဲခြားသိမြင်၍ စည်းကမ်းကို တိကျစွာ မိမိကိုယ်တိုင် လိုက်နာနိုင်ခြင်း ကြောင့်သာ ဖြစ်ပါသည်။

## ဆုံးမခြင်းနှင့် ညှဉ်းဆဲခြင်း

ဆုံးမခြင်းနှင့် ညှဉ်းဆဲခြင်းတို့သည် အခေါ်အသံထွက်ခြင်း တော်တော်ကွဲပြား သော်လည်း ပြုလုပ်ပုံ ပုံသဏ္ဌာန်ခြင်းမှာ ဆင်ဆင်တူနေလေသည်။

၎င်းကို မကြာခဏတွေ့မြင်ရလေသည်။ ''ကလေးတစ်ဦးအား လူကြီးတစ်ဦးမှ ရိုက်နှက်နေသည်။''

''လူတစ်ဦးအား လူတစ်စုမှ ရိုက်နှက်နေသည်။''

''လူတစ်ဦးအား လူတစ်စုမှ ချုပ်နှောင်ဖမ်းဆီးသည်။''စသော လုပ်ပုံကိုင်ပုံ ရုပ်ပိုင်းဆိုင်ရာစသည်တို့သည် ညှဉ်းဆဲခြင်းနှင့် ဆုံးမခြင်းတို့သည် အနည်းငယ်သာ ကွာခြားပေသည်။ ကွာခြားနိုင်လိမ့်မည်ဖြစ်သော်လည်း အဓိပ္ပါယ်ခြင်း ရည်ရွယ်ချက်ခြင်းကတော့ ကွာခြားနေသည်ကို လူတိုင်းသိနိုင်ပေလိမ့်မည်။

ဆုံးမခြင်းသည် ဉာဏ်နှင့်ယှဉ်ရလေသည်။ အမြော်အမြင်ရှိလေသည်။ ညှဉ်းဆဲခြင်းတွင်မူ လောဘနှင့်ယှဉ်သည် ဒေါသဖြစ်ပြီးလုပ်သည်။ မျှော်လင့်ချက်တို့ ရှိနေသည်။ အဘယ်သို့ပင်ဆိုစေ နှစ်ခုလုံးပင် အကြောက်တရားကို ဖြစ်ပေါ်စေ ရန်ဟူသော စေတသိတ်တို့ တူနေလေသည်။ ကျွန်ုပ်ဆိုလိုသည်မှာ ဤနှစ်ခုလုံးသည် ဆင်ဆင်တူ၍ ရောထွေးတတ်သည်ကို ဆိုလိုခြင်း ဖြစ်လေသည်။

ထိုသို့ရောထွေးသွားပါက ရလာဒ်သည်ကား အဆိုးဘက်ကိုသာ အမြဲဦးတည် သွားတတ်သည်ဖြစ်သည်။ မိဘတစ်ဦးမှ ကလေးတစ်ဦးကို ဖြစ်စေ လူတစ်စုမှ လူတစ်စုကိုဖြစ်စေ တစ်ယောက်ကိုဖြစ်စေ ဆုံးမသည်ဟု မည်သို့ပင် အမည် တက်စေကာမူ ဉာဏ်အမြော်အမြင်နည်းပြီး ဒေါသရောသွားမည်ဆိုလျှင် ဤလုပ်ရပ် ကို ညှင်းဆဲခြင်းဟု သက်မှတ်ရမှာ ဖြစ်ပါသည်။

အဓိကပြောလိုသည်မှာ မိဘမှ သားသမီးကို ဆုံးမခြင်းဖြစ်လေသည်။ ပုတ္တစတိရ မိနှင့်ဖဆိုသော မိဘသည် ဆုံးမဖို့ တာဝန်ရှိကြလေသည်။ ထိုသို့ ဆုံးမရာတွင် ဉာဏ်ပညာအလိမ္မာတို့ ပြည့်စုံသော မိဘများတွင် ပြောရန်မလိုသော်လည်း တချို့သော မိဘများသည် သားသမီးကို ဆုံးမရာတွင် ဒေါသသည် ဦးဆောင်ပြီး ရိုက်နှက်ဆုံးမလေ့ ရှိကြလေသည်။ ဒေါသသည် ဦးဆောင်လိုက်သောအခါ ပညာသည် အလိုလို 'အ'သွားလေသည်။

ထိုအခါ အပြစ်လုပ်ထားသော သားသမီးကိုပင် အဘယ်အပြစ်ကြောင့် ယခုကဲ့သို့ အပြစ်ဒဏ်အပြစ် ရိုက်နက်သည်ကို နားလည်အောင် ပညာမပေးနိုင် တော့သည်များ ဖြစ်လာလေသည်။

ထိုသို့ဖြင့် ၎င်းတို့၏ သားသမီးများသည် အရပ်စကားနှင့်ပြောရလျှင် 'အရေထူ'သည်ဟုခေါ်သော ပြောမရဆိုမရ ဖြစ်လာတော့သည်။ရိုက်ချင်သလောက်ရိုက် ပြောချင်သလောက်ပြော လုပ်ချင်တာလုပ်သည်ဆိုတာမျိုး ဖြစ်လာ လေတော့သည်။

ထိုသို့သော အပြစ်မျိုးတွေ မရောက်စေနိုင်ရန် ဆုံးမခြင်းနှင့် ညှင်းဆဲခြင်းကို ကွဲပြားစွာသိပြီး ဗိဇစရိုက်လက္ခဏာကောင်းများဖြင့် ကောင်းမွန်သော ပညာနှင့်ယှဉ်သော ဆုံးမခြင်းမျိုးဖြင့်သာ မိမိတို့၏ ရည်ရွယ်ချက်များ ပြည့်ဝ၍

ဆုံးမသူရော ဆုံးမခံရသူပါ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်လိမ့်မည် ဖြစ်ပါသည်။

## အဆင့်အတန်း

အဆင့်နှင့် အတန်းသည် တစ်ခုစီဖြစ်၏။ အဆင့်အတန်းဟု တွဲ၍ ခေါ်ပြော လိုက်သောအခါ စကားက ကြီးကျယ်သလို ခံစားရသော်လည်း အဆင့်နှင့် အတန်း ကို သက်သက်စီ ခွဲ၍ပြောပါက မကြီးကျယ်တော့သလို အဓိပ္ပါယ်လည်း ပို၍ ရှင်းလင်း လာပါတယ်။

'လူဆိုတာ ကိုယ့်အဆင့် ကိုယ်သိရတယ်' ကိုယ့်အဆင့် နဲ့ သွားပြောလို့ရမှာ မဟုတ်ဘူး' 'ငါ့အဆင့်ကို ဒီလိုပြောလို့ရမလား'ဆိုတဲ့ စကားတွေဟာ ကိုယ်ရောက်နေတဲ့နေရာ ကိုယ်အဆင့်ကိုယ်သက်မှတ်ပြီး သိပြီး နှိုင်းယှဉ်၍ ပြောသောစကားများ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလို သက်မှတ်ထားတဲ့ အဆင့်ဆိုတာ တွေဟာလည်း မမြဲသော သဘောရှိသော

ရှိနေလေတော့ အမြစ်စွဲမှတ်ထားလို့ မရဘူး လေ။ ဒါကို သဘောပေါက်တဲ့ လူတွေကတော့ ဒီလို မာနသံမျိုးတွေ အပြောနည်း ပါလိမ့်မယ်။ နားမလည်တဲ့သူတွေနဲ့ လက်မခံနိုင်တဲ့ သူတွေကတော့ ဒီလိုစကားမျိုးကို အသုံးများပါလိမ့်မယ်။ တချို့ ကိုယ်မဟုတ်တဲ့ တစ်ခြားသူကို ပြောတတ်တဲ့ စကားလေးတွေ ရှိပါသေးတယ်။ 'အဆင့်အတန်း မရှိဘူး' 'မင်းအဆင့်နဲ့ ဒီစကား ပြောရလား' 'တော်တော်အဆင့် အတန်းမရှိတဲ့ အသိုင်းအဝိုင်းမျိုးက မွေးဖွားလာတာ ဖြစ်မယ်' စသည်ဖြင့် ပြောဆိုလေ့ရှိ ပါတယ်။

ဒါပေမယ့် အဆင့်အတန်းဆိုတာ မျိုးရိုး ကြောင့် ချမ်းသာဆင်းရဲတာ ကြောင့် ရာထူးအနိမ့်အမြင့်ကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။ ဒီအရာ တွေကိုလည်း အဆင့်အတန်းဟု သက်မှတ်၍လည်း မရပါဘူး။ တကယ့် အဆင့် အတန်း ဆိုတာက စိတ်ဓာတ်နဲ့ လုပ်ရပ်ပေါ်မှာသာ တည်နေပါ တယ်။ နိမ့်ကျတဲ့ စိတ်ဓာတ် အတွေးတွေ ရှိနေမယ်ဆိုရင် အဲဒီလူဟာ ဘယ်တော့မှ မြင့်မြတ် တဲ့ အလုပ်တွေကို လုပ်နိုင်မှာမဟုတ်ပါဘူး။ ဟန်ဆောင်ပြီး ဘယ်လိုပဲနေနေ စိတ်ဓာတ်ကြောင့် လုပ်ရပ်တွေဟာ ပေါ်လာစမြဲဖြစ်ပါတယ်။

ဒါကြောင့် အတွေးအခေါ် စိတ်၊ မြင့်မြတ်မှုမရှိဘဲ နိမ့်ကျတဲ့ အတွေးတွေရှိနေတဲ့ လူတစ်ယောက်ဟာလည်း ဘယ်တော့မှ မြင့်မြတ်သော အဆင့်အတန်းရှိသူ တစ်ယောက် ဖြစ်လာမှာမဟုတ်ပါဘူး ထို့ကြောင့် စိတ်ဓာတ်အဆင့်အတန်း စိတ်ကောင်းစေတနာဟာ လူတစ်ယောက်၏ စိတ်ဓာတ်အဆင့်အတန်းပါဘဲ။ ကျန်တဲ့ ချမ်းသာ၊ ဆင်းရဲ၊ ရာထူးကြီးငယ်

ဆိုတာတွေဟာ တကယ့်အဆင့် အတန်းကို ပေါ်စေတဲ့ အရာတွေ မဟုတ်ပါဘူး။ အဘယ်မျှပင် ချမ်းသာသည် ဖြစ်စေကာမူ စိတ်ကောင်း စေတနာကောင်းနှင့် အသိတရားတို့ မရှိဘူးဆိုလျှင် ထိုသူ၏လုပ်ရပ် လုပ်ဆောင်ချက်တို့ဟာ ကောင်းသော အကျိုးရှိသော အများအကျိုးကို မထိခိုက်သော လုပ်ရပ်များ ဖြစ်လာမှာမဟုတ် ပါဘူး။ ထိုသို့ စိတ်ဓာတ် မကောင်း လုပ်ရပ်မကောင်းသောသူသည် ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ပညာတတ် သည် ဖြစ်စေ၊ မတတ်သည်ဖြစ်စေ အဘယ်သို့သော အဆင့်အတန်းရှိ သူဖြစ်အံ့နည်း။

လူတို့တွင် မနော၊ ဝစီ၊ ကာယ ဆိုသော စိတ်၊ အပြော၊ အလုပ်ဆိုပြီး သုံးမျိုးသည် ဆက်စပ်ဖြစ်စဉ်အဖြစ် ရှိလေသည်။ စိတ်အတွေးမှ ကောင်းသော အတွေး မတွေးလျှင် အပြော 'ဝစီ' သည်လည်း ကောင်းသောစကားများ ထွက်ပေါ်လာ နိုင်မှာ မဟုတ်ပါဘူး။ထိုအတူ ကောင်းသောစကားမရှိမှု ကောင်းသောလုပ်ဆောင် ချက်များလည်း ရှိလာမှာ မဟုတ်ပါဘူး။ ထို့ကြောင့် လူတစ်ယောက်၏စိတ်နေ သဘောထားနှင့် အသိဉာဏ်သည် ထိုလူ၏ အဆင့်အတန်းကို တိုင်းတာပြဋ္ဌာန်းပြီး လုပ်ရပ်များက သက်သေပြလာတတ် ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ရာထူးကြီးခြင်း၊ ရာထူးငယ်ခြင်းတို့သည် လူသားတစ်ယောက်၏ အဆင့်အတန်းကို သက်မှတ် နိုင်ခြင်း မရှိဘဲ ခိုးစားလျှင် သူခိုး တောင်းစားလျှင် သူတောင်းစား အနိုင်ကျင့်

လုပ်ယူသူဆိုလျှင် အနုကြမ်းသမား ဓားပြ၊ လိမ်လျှင် လူလိမ်ဆိုသော မိမိတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်တို့သည် မိမိတို့၏ အဆင့်အတန်းများသာ ဖြစ်နေတော့လေသည်။

# မုန်းဖို့ကောင်းတဲ့ယောက်ျား

မုန်းဖို့ကောင်းတဲ့ ယောက်ျားဆိုတာ မုန်းစရာ ရှံစရာကောင်းတဲ့ အကျင့်ဆိုး စရိုက်ဆိုးတွေကို လုပ်တဲ့အတွက် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုတ် ဆိုသလို ပုရိသဆိုသော ယောက်ျားတွေအားလုံး၏ ဂုဏ်သိက္ခာကို ကျအောင် လုပ်တဲ့အတွက်ကြောင့် –

ဣတ္ထိရဆိုသော မိန်းမတွေတင်မက ပုရိသဆိုသော ယောက်ျားများကပါ မုန်းသော မုန်းရသောသူများကို ဆိုလိုပါတယ်။

ဒီတော့ ယောက်ျားတစ်ယောက်ရဲ့ လုပ်ရပ်ကြောင့် ယောက်ျားထုတစ်ရပ်လုံး သိမ်ငယ်နိမ့်ကျစေတဲ့ လုပ်ရပ်ဆိုတာ ဘယ်လိုလုပ်ရပ်မျိုးတွေလဲ...

ဒေါင်းပျိုစာပေ

ဒီကိစ္စကို ရေးရလျှင် အကျယ်ကြီးပါပဲ။ အတိုချုံးပြီး သိသာမြင်သာ ရုံလေးပဲ ရေးတာက အကောင်းဆုံးဖြစ်မယ်ထင်ပါတယ်။ အထူးသဖြင့် လိင်မတူတဲ့ အမျိုးသမီးတွေနဲ့ ထိတွေ့ ဆက်ဆံတဲ့နေရာမှာ ယောကျ်ား တစ်ယောက်၏ အားနည်းချက် ပျော့ကွက် ဟာကွက်တွေ မကောင်းတဲ့ အကျင့်ဆိုးတွေကို ထိတွေ့ ခံစားသွားရတဲ့အခါမှာ 'ယောကျ်ား ဆိုတာ ဒီမျိုးတွေကြီးပါပဲ' 'ယောကျ်ားတွေက သစ္စာမရှိဘူး' 'ယောကျ်ား ဆိုတာ နိုင်ထားမှ'စသဖြင့် စသော အတွေး အပြောမျိုးတွေ ဖြစ်ပေါ်ကိန်းအောင်း သွားစေပါတယ်။

တကယ်တော့ ဒါတွေဟာ ဆင်ကိုစမ်းတဲ့ ပုဏ္ဏား(၆)ယောက်လိုပါပဲ။ ခြေတိုင် ကိုင်မိ စမ်းမိတဲ့ ပုဏ္ဏားကလည်း ဆင်ဆိုတာ တိုင်လိုသတ္တဝါမျိုးလို့ ဆိုတာပေါ့။ နားရွက်စမ်းမိတော့ ဆင်ဆိုတာ ယပ်တောင်ကြီးနဲ့တူတယ်လို့ အသိဝင်ပြန်တာပေါ့။ အမြီးသမားကလည်း ဆင်ဆိုတာ ကြိုးကြီးတစ်ချောင်း လိုပဲ ပြောတာပေါ့လေ ... ဒါပေမယ့် အဲဒါတွေကို ဆင်လို့ခေါ်တာ မဟုတ်ဘူး ဆိုတာကို သူတို့သိနိုင်ဖို့ အမြင်အာရုံ သူတို့မှာ ချို့တဲ့နေကြတယ်လေ။

ဒီတော့ အမြင်အာရုံရှိလာတဲ့တစ်နေ့ ...

အထိအတွေ့တွေ များလာတဲ့အခါ သူတို့ သိနားလည်သွားမှာပါ။ ဒါက သိပ်တော့မဆန်းပါဘူး။ ဒါပေမယ့်လူကြပ်တဲ့ လိုင်းကားပေါ်မှာ လူကြပ်တာ အခွင့်ကောင်းယူပြီး အမိချင်း နှမချင်းမစာနာတဲ့ လုပ်ရပ်မျိုးတွေ လုပ်တာတို့ ရုပ်ပျက်တဲ့ ကာမတဏှာ သောင်းကျန်းတာတို့ ဘဝပန်းတိုင်မဲ့ပြီး သုံးစား

မူးယစ်နေတာတို့ကိုတော့ မိန်းမများသာမက ယောကျ်ားများကပါ ယောကျ်ားများ၏ ဂုဏ်သိက္ခာကို ကျစေ၍ မုန်းသင့်သော မုန်းဖို့ကောင်းတဲ့ ယောကျ်ားများ ဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုရသော် ဘဝပန်းတိုင်ဆိုတာ မရှိလျှင်မဖြစ်ပါဘူး။ တကယ်တော့ လူ့ဘဝဆိုတာ ပန်းတိုင်တွေ အမျိုးမျိုးပြောင်းလဲပြီး ရှင်သန်ဖြတ်သန်း ရခြင်းမျိုးပါ။ ဒီနေရာမှာ ပန်းတိုင်မဲ့ပြီဆိုလျှင် ဘဝဟာ တန်ဘိုးမဲ့သွားတာပါဘဲ။ ပန်းတိုင်မဲ့တဲ့လူ တန်ဖိုးမဲ့တဲ့လူတွေဟာ အသိဉာဏ် လည်း မဲ့သွားတယ် ဒီအခါမှာ ပတ်ဝန်းကျင်ကို ဒုက္ခပေးပါတော့တယ်။ သဘာဝတရားသွေးသားလှုံ့ဆော်မှုတွေ ဘယ်လိုပဲ ရှိနေရှိနေ အသိဉာဏ် ရှိနေသ၍ ထိန်းချုပ်နိုင်မှာပါ။ ဒီတော့ အသိဉာဏ် ထိန်းချုပ်မှုမဲ့ပြီး ရိုင်းပျတဲ့ နိမ့်ကျတဲ့ အကျင့်လုပ်ရပ်တွေ လုပ်တဲ့လူတွေဟာ မုန်းဖို့ကောင်းတဲ့ ယောကျ်ား များသာဖြစ်ပါသည်။

## မုန်းဖို့ကောင်းတဲ့မိန်းမ

'ဟာဒရုံပုရိသော' ဆိုသော စာအုပ်တွင် မုန်းဖို့ကောင်းတဲ့ မိန်းမဆိုသော ခေါင်းစည်းဖြင့် မိန်းမ တို့အကြောင်းကို ထည့်သွင်း ရေးသားရခြင်းမှာ မနုဿဟု ဆိုလိုက်သည်နှင့် လူသား ဟူသော စကားရပ်ထဲတွင် ယောကျ်ားနှင့် မိန်းမတို့ နှစ်မျိုးစလုံး ပါနေသည်ဖြစ်ရာ တစ်နွယ်ဝင် သစဉ်ပါဆိုသလို တစ်မျိုးစီ ခွဲထုတ်၍ထားသော်လည်း ဆက်နွယ်နေသော အရာများ အလွန်များပြား လှသဖြင့် မိန်းမတို့၏ မကောင်းသော ပြင်ဖွယ်ရာ ဖြစ်သော လူအများ ပတ်ဝန်းကျင်ရှေ့တွင် မြင့်မြတ်သော ယောကျ်ားကောင်း တစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အကြောင်းဖြစ်သောကြောင့် ပြဖြစ်ခဲ့စေလိုပါ၍ တင်ပြရခြင်းဖြစ်ပါတယ်။

ဒေါင်းပျိုစာပေ

မုန်းဖို့ကောင်းတဲ့ မိန်းမဆိုသည်မှာ မိန်းမတိုင်းကို မုန်းဖို့ကောင်းတယ် ဟု ပြောခြင်းမဟုတ်ပေ။ မိန်းမများထဲမှ မုန်းဖို့ကောင်းသော အကျင့်စရိုက်ရှိသော မိန်းမအချို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။

ရှေးအခါက အဆိုအမိန့်များကို စာများထဲတွင် မိန်းမတို့၏အပြစ်(၉)ပါးဆို၍ လည်းကောင်း၊ မိန်းမတို့၏အပြစ်(၇)ပါးဆို၍လည်းကောင်း တွေ့ရှိရလေသည်။ သို့သော် ကျွန်ုပ်ယခု တင်ပြလိုသည်မှာ ထိုရှေးက အကြောင်းများ မဟုတ်ပေ။ ယခုလက်ရှိ ဖြစ်ပေါ်နေသော အဖြစ်များကို တင်ပြလိုခြင်း ဖြစ်ပေတယ်။ ထိုသို့ တင်ပြရာမှာလည်း ယောကျ်ား တစ်ယောက်အနေဖြင့် စာရေးသူကိုယ်တိုင် တွေ့မြင်ခံစားခဲ့ရသော ဖြစ်ရပ်လေးတစ်ခုကို အခြေတည်၍ တင်ပြချင်ပါသည်။

၂၀၀၈ ခုနှစ်လောက်က ကျွန်ုပ်သည် ရန်ကုန်မှနေ၍ ဘုရားဖူးရန် ကျိုက်ထီး ရိုးဘုရားသို့ ဘုရားဖူးကားကြီးတစ်စီးဖြင့် ဘုရားဖူးရန် လိုက်ပါခဲ့လေသည်။ ထိုခရီးတွင် လူကြီးလူငယ် အရွယ်စုံ (၆၀)ကျော်မျှသော ဘုရားဖူးများ ပါလာခဲ့လေသည်။

ထိုကားပေါ်တွင် ကျွန်ုပ်သည် ခရီးစဉ်ကို ဦးဆောင်သူမှစ၍ ထက်ဝက်ကျော် ကို ရင်းနှီးပြီးလူများ ဖြစ်နေသဖြင့် လမ်းခရီး တစ်လျှောက်တွင် လိုအပ်ချက်မှန်သမျှ ကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ကူညီမှု အမျိုးမျိုးကို ပေးရင်းဖြင့် ပျော်ရွှင်စွာ ခရီးထွက်ခဲ့လေသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့၏ ဘုရားဖူးကားကြီးသည် ကျိုက်ထီးရိုး တောင်ခြေစခန်းသို့

ရောက်ရှိခဲ့လေသည်။ တောင်ပေါ်သို့တက်ရန် မြေသယ်ကားကြီး များပေါ်တွင် (၆× ၂) ပျဉ်ကြီးများကို ရှေ့နောက် တစ်ပေသာသာမျှသာ ခြား၍ လူထိုင်ခုံအဖြစ် လုပ်ထားသော တန်းကြီးများပေါ်တွင် ပြည့်သိပ်နေအောင် လူတွေကို တန်းစီပြီး တင်သော ကားများပေါ်သို့ ကိုယ့်အဖွဲ့သားတွေကို နေရာရစေရန် ကူညီပြီး တင်ပေးရလေတော့သည်။ ထိုသို့ တက်ရောက်ရာတွင် သက်ကြီး ရွယ်အိုများကို ရှေ့ဆုံး အလယ်များတွင် လည်းကောင်း အနောက်ဘက် အလည်များတွင် အမျိုးသမီးများ ကိုလည်းကောင်း ဘေးနှင့်နောက်ဆုံး တန်းတွင် လူငယ်ယောကျ်ားလေးများ ကိုလည်းကောင်း နေရာချ၍ လိုက်ပါစေရာ ကျွန်ုပ်သည် လည်း လူငယ်တစ် ယောက်ဖြစ်ရာ နောက်ဆုံးတန်းတွင် နေရာရလေ၏။ ထိုလမ်းခရီး အကြောင်းကို ပြောပြရမည်ဆိုလျှင် ၎င်းလမ်းခရီးကို ရောက်ဖူး သွားဖူးသူများ ကတော့ ပို၍သဘောပေါက်နိုင်ပေလိမ့်မည်။ ထိုတောင်တက်လမ်းသည် မြင့်မားမတ် စောက်သော တောင်ကြီးများကို ကွေ့ပတ်၍ ဖောက်ထား ခြင်းဖြစ်ရာ တော်ရုံ ကားမောင်းပညာဖြင့် မရပေ။ အရှိန်ဖြင့်ပတ်ကွေ့ခြင်း၊ အပြင်းမောင်းတက်ခြင်း၊ မတ်စောက်သော တောင်ကိုတက်ပြီး ပြန်အဆင်းလမ်း တွင် ကွေ့များက ရှိနေလေသည်။ တစ်ဖက်ကချောက် တစ်ဖက်ကတောင် တို့ဖြင့် မောင်းရခြင်းမျိုးဖြစ်လေရာ ကားပေါ်ပါသော လူများမှာလည်း အသည်း တယားယား အူတအေးအေး ဖြင့် ယိမ်းနွဲ့၍ လိုက်ပါကြရခြင်းဖြစ်၏။ ကိုင်စရာဆို၍ လက်တန်းဘေးတန်း များ မရှိလေတော့ ရှေ့မှ တစ်ပေသာသာ

ချထားသော လူထိုင်တန်း (၆× ၂)၏အောက်သို့ ဒူးနှစ်လုံးကိုသွင်းကာ လက်ကတော့ (ကားဘော်ဒီ) နုတ်ခမ်းသားကို အမိအရကိုင်၍ ယိမ်းထိုးပြီး အပြင်မောင်းတက်နေသော ကားပေါ်တွင် လွင့်မကျအောင်ပင် ကုပ်ကပ်ပြီး ဘုရားတကာ လိုက်ပါလာရလေသည်။

ထိုသို့အချိန်တွင် ကျွန်ုပ်၏ရှေ့မှ ထိုင်နေသော မိန်းမတစ်ယောက်သည် အသံကျယ်ကျယ်ဖြင့် ရန်တွေ့လေ တော့သည်။ ထိုအမျိုးသမီးသည် သူ၏ယောက်ျားနှင့် ဘေးချင်းယှဉ် ထိုင်နေရင်းမှ နောက်ဘက်သို့ လှည့်ကာ 'ရှင်က တော်တော် အသားယူတာပဲ ကျွန်မတင်ပါးကို တမင် ဒူးနဲ့ ထိထားတာပဲ တင်း ရုပ်လေးသနား ကမားနဲ့ တော်တော်ဘူးကျတဲ့လူပဲ' စသဖြင့် ကျယ် လောင်စွာ ပြောဆိုလိုက်လေရာ ကားပေါ်မှ လူများ အကြည့်သည် ကျွန်ုပ်ထံ သို့ ရောက်လာလေတော့သည်။ တဒင်္ဂ ကျွန်ုပ်သည် ဘာလုပ်ရ ဘာပြော ရမှန်း မသိအောင်ပင် ထူပူသွားကာ တော်တော်ခံစားရ ခက်သော ဝေဒနာ တစ်ခုကို ခံစားလိုက်ရလေသည်။ ကားပေါ်မှပင် ခုန်ချချင်သည့်စိတ် ပေါက်သွားရသည်။

ထိုခဏမှာပင် ကျွန်ုပ်၏စိတ်တွင် အတွေးတစ်ခု ဝင်လာသည်။ ခေါင်းထဲသို့ ဉာဏ်အလင်းရောင်တစ်ခု ဝင်လာခြင်းဖြစ်သည်။ ကျွန်ုပ် မျက်နှာကို ချက်ခြင်း တင်းမာလိုက်ပြီး တောက်တစ်ချက်ကို ပြင်းပြင်း ခတ်လိုက်ပြီးမှ 'တောက် 'ဒီမိန်းမ တော်တော်ယုတ်မာတဲ့ မိန်းမပဲ ဒီမှာ ခင်ဗျားမှာ ဒီလိုစိတ်ဓာတ်မျိုးရှိရင် ဒီလိုကားမျိုး မစီးသင့်ဘူးဗျ စင်းလုံးငှား

ပြီးတက်ရမှာဗျ ဒီမှာ ကျုပ်ဒူးခေါင်းနဲ့ ခင်ဗျားတင်ပါးကို ထိသလို ခင်ဗျား ဒူးခေါင်းနဲ့လည်း ဟိုရှေ့ကအဒေါ်ကြီးကို ထိနေတာပဲမဟုတ်လား' ဒီတော့မှ လူအားလုံးသည် ထိုမိန်းမဆီသို့ အကြည့်ပြောင်းသွားကြလေသည်။ ကျွန်ုပ်ပြောသော စကားများသည် မှန်နေလေသည်။ လူအားလုံးသည် တစ်ယောက် နှင့်တစ်ယောက် ထိနေလျှက်ရှိသည်။ ကား၏ ယိမ်းနွဲ့မှု နှင့်လိုက်၍ ယိမ်းခြင်း ယိုင်ခြင်းများဖြင့် ကိုယ့်ကိုယ်ပင် မနည်းထိန်းနေ ကြရလေသည်။

ကျွန်ုပ်လည်းဆက်၍ ထိုမိန်းမကို ဆုံးမလိုက်လေသည်။ ''ခင်ဗျားမှာ တော်တော်ယုတ်ညံ့တဲ့ စိတ်ဓာတ်ရှိတယ် ဒီလိုခရီး ဒီလိုကားပေါ်မှာ ဒီလို စကားမျိုး ပြောထွက်တဲ့စိတ်ဟာ ဘယ်လောက်ယုတ်လိုက်သလဲ ခင်ဗျားနဲ့ ကားတစ်စီးတည်း ခရီးသွားရတာကိုက မသတီစရာကောင်းတယ်ဗျာ'ဟု ပြောချလိုက်ရာ ထိုမိန်းမ၏ ယောက်ျားမှာ ကျွန်ုပ်အားတောင်းပန်လေသည်။ ကျွန်ုပ်လည်း ထိုမျှဖြင့် မကျေနပ်နိုင်သေးဘဲ ဘေးလူတစ်ယောက်နှင့် နေရာချင်းလဲကာ ထိုင်လိုက်လေသည်။

ထိုအဖြစ်အပျက်ကို တစ်ဆင့်တစ်ဆင့်ပြောရင်းဖြင့် တစ်ဖွဲ့လုံး သိသွားလေတော့သည်။ တောင်ပေါ်သို့အရောက် အနားယူသောအချိန်တွင် ထိုလင်မယား နှစ်ယောက် တို့သည် လူကြီးများကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါရန် လိုက်၍ တောင်းပန်လေသည်။ သို့သော် ကျွန်ုပ်ထံသို့ကား ရောက်မလာ။ တောင်းပန်ရမည်ဆိုသည်ကိုပင် မသိဟု ကျွန်ုပ်ထင်မိသည်။

'ကဲ'ဒီဖြစ်စဉ်မှာ ဒီမိန်းမရဲ့စိတ်ဟာ ဘယ်လောက်မုန်းဖို့ ကောင်းလိုက်သလဲ အရမ်းကို မုန်းတီး ရွံရှာစရာကောင်းတဲ့ စိတ်ဓာတ်မျိုး ဖြစ်တယ်လို့ ခံစားမိပါတယ်။

ဒီလိုစိတ်ဓာတ်မျိုးတွေကို နေရာတော်တော်များများမှာ တွေ့ဖူးကြပါလိမ့်မယ်။ လိုင်းကားပေါ်မှာ လူကျပ်ကျပ်တွင် တချို့ အမျိုးသမီးများ၏ပုံကို ကြည့်ပါ။ ဝတ်လာတဲ့ အဝတ်အစားကလည်း မလုံမလဲဖြင့် လူကျပ်နေတဲ့ ကြားထဲကို အတင်းဝင်စီးပြီး ပတ်ဝန်းကျင်က ယောကျ်ားတွေကို မျက်လုံးဝေ့ဝေ့ပြီး ကြည့်လိုက်သေးသည်။ တစ်ချက်တစ်ချက် ဇတ်ခနဲ ဇာတ်ခနဲ နောက်သို့လည်းကောင်း ပတ်ဝန်းကျင်ရှိ ယောကျ်ား လေး များကို ကြည့်တတ်သေးသည်။ ထိုအကြည့်သည် ယောကျ်ားများ၏ဂုဏ်သိက္ခာ ကို စော်ကားလိုက်ခြင်းဖြစ်သည်။ တစ်ခါတစ်ခါတွင် ကျွန်ုပ်သည် ထိုသို့ လူကျပ်သော လိုင်းကားကို စီးရလျှင် ကျွန်ုပ်အနားသို့ မိန်းမများ ကပ်၍ စီးလျှင် မိမိတွင်ပါလာသော ခရီးဆောင်အိတ် လွယ်အိတ်စသော ပစ္စည်းများကို ကြားမှခံကာထားပြီး ခရီးသွား ရလေသည်။ ထိုသို့စီးသည်ကိုပင် တချို့သော မုန်းဖို့ကောင်းတဲ့စိတ်ရှိသော မိန်းမများသည် သူ့အသားကို ထိသောအရာကို ဘာထင်သည်မသိ ပျာပျာသလဲ လိုက်၍ကြည့်တတ်ကြသည်ကို တွေ့ဖူးလေသည်။

ထိုသို့ မိန်းကလေးများ ကြည့်ချင်စရာ ယောကျ်ားတွေ၏ ဂုဏ်သိက္ခာကို ကျအောင်လုပ်သူများလည်း မရှိဟု မဆိုလိုပါ။ ယောကျ်ားများတွင်လည်း

မုန်းဖို့ကောင်းတဲ့ ယောကျ်ားတွေရှိသော်လည်း ယောကျ်ားလေးတိုင်းကို မထင်သင့် မကြည့်သင့်ပေ။ တကယ်ဆိုလျှင် ထိုသို့ လူကျပ်သောနေရာများသို့သွားလျှင် လုံခြုံသော အဝတ်အစားများကို ဝတ်ခြင်းဖြင့် အကာအကွယ်ရစေရန် ခရီးဆောင် အိတ် လက်ပွေ့အိတ်တို့ကို ကာကွယ်ထားခြင်းများ ပြုလုပ်ထားမည် ဆိုပါက ကြည့်စရာပင်မလို စိုးရိမ်စရာမရှိသည်ကို တွေ့ရလေသည်။

သို့သော် လူကျပ်သောလိုင်းကားပေါ်သို့ အဝတ်အစား မလုံမခြုံဖြင့် တက်စီးပြီး ဘေးရှိယောကျ်ားများကို နှာခေါင်းရှုံ့၍ ပြူးကျယ်သော မျက်လုံးတို့ဖြင့် မသက်သာသလို ကြည့်ခြင်းမျိုးသည်ကား ကိုယ်တိုင် 'လောက်' ဖြစ်ပါလျက် 'ချေး'ကို ရွံချင်ဟန် ဆောင်နေသော သူများသာဖြစ်ကြောင်း မုန်းဖို့ကောင်းတဲ့ မိန်းမဆိုသော ခေါင်းစဉ်ဖြင့် တင်ပြလိုက်ရပေသည်။

## မှတ်ချက်

ရှေးအဆိုအမိန့်တို့တွင် မိန်းမတို့၏ အပြစ်(၉)ပါးဆို၍ ဖော်ပြထားခြင်းကို အောက်ပါအတိုင်း တွေ့ရလေသည်။

| | | | |
|---|---|---|---|
| (၁) | အသုစိ | = | မစင်ကြယ်ခြင်း |
| (၂) | ဒုဂန္ဓပ | = | မကောင်းသောအနံ့ရှိခြင်း |
| (၃) | သဘိရှု | = | အအိပ်ကြီးခြင်း |
| (၄) | သပဋ္ဌိဘယ | = | ကြောက်လန့်တတ်ခြင်း |
| (၅) | ကောဓန | = | အမျက်လွယ်ခြင်း |
| (၆) | ဥပနာဟ | = | ရန်ငြိုးဖွဲ့တတ်ခြင်း |
| (၇) | သောရဝိသ | = | ရာဂထူခြင်း |
| (၈) | ဒုဇိဝ | = | လျှာနှစ်ခွရှိခြင်း |
| (၉) | မိတ္တဒုဗ္ဘိ | = | မိတ်ပျက်လွယ်ခြင်း ... |

## ချမ်းသာခြင်း

ချမ်းသာခြင်းဆိုရာတွင် စိတ်ချမ်းသာခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ငွေကြေးပြည့်စုံ ချမ်းသာခြင်းဆိုပြီး အကြမ်းအားဖြင့် နှစ်ခုခွဲခြား၍ လူတိုင်း လိုလိုပင်သိကြလေသည်။

ထိုစိတ်ချမ်းသာခြင်းနှင့် ရုပ်ချမ်းသာခြင်းတို့သည် လူတစ်ယောက်တွင် နှစ်ခုလုံး ပြည့်စုံဖြစ်ပေါ်စေဖို့ ခက်ခဲလေသည်။ အဘယ့်ကြောင့်ဆိုသော် ရုပ်ပိုင်း ဆိုင်ရာ ပစ္စည်းပြည့်စုံသူတို့တွင် မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ပျောက်ပျက် ပျက်စီးမည် စိုးရခြင်းဟူသော ဆင်းရဲခြင်းဒုက္ခ အလိုရမ္မက် ကြီးသဖြင့် လိုချင်တောင်းတမှုများသည် ကြီးမားနေသဖြင့် ပြည့်စုံရန် ခက်ခဲနေသဖြင့် ပင်ပန်းဆင်းရဲခြင်း ဆိုသော စိတ်ဆင်းရဲခြင်းတို့သည် မကြာ ခဏ ခံစားနေရတတ်သဖြင့် စိတ်ဆင်းရဲရ လေသည်။

ပစ္စည်းဥစ္စာမပြည့်စုံသူတို့တွင်ကား လိုလားတောင့်တမှု အရာလေးများ သည် အလွန်မကြီးကျယ်လှသဖြင့် မကြာခဏ ပြည့်ဝတတ်လေ့ရှိရာ စိတ်၏ ချမ်းသာ ခြင်းဆိုသောအရာနှင့် မကြာခဏ ပြည့်စုံနေလေ့ ရှိလေတော့ သည်။

သို့အတွက်ကြောင့် ဒီကမ္ဘာမြေလောက၌ စိတ်ရောကိုယ်ပါ အခါခပ် သိမ်း ပြည့်စုံချမ်းသာသူသည် အဘယ်မှာရှိနိုင်ပါမည်နည်း။

(ဗုဒ္ဓဘာသာဝင်များအတွက်ဆိုလျှင် ဘုရားရဟန္တာ အရိယာ သူတော်စင်များမှအပ အဘယ်သို့သော လူမျိုးများတွင်မဆို ဆင်းရဲခြင်း၊ ချမ်းသာခြင်း တို့သည် အခါခပ်သိမ်း ပြောင်းလဲ၍ ခံစားကြရသည်မှာ သဘာဝပင် ဖြစ်နေတော့သည်) ထိုသို့သော သဘာဝ၏ ရိုက်ခတ်မှုဖြစ်စဉ်ကို ဗုဒ္ဓဘုရားက လောကဓံရှစ်ပါးအဖြစ် ဟောကြားခဲ့လေသည်။ ဗုဒ္ဓဟောခဲ့သော တရားသည် ပြည့်စုံလေ၏။ လူတို့သည် လောကဓံ ရှစ်ပါးတို့ဖြင့် ထိတွေ့ရာတွင် ကြံ့ခိုင်မှု မရှိသူတို့သည် လောကဓံတရားတစ်ပါးပါးကြောင့် ဘဝအနေ အထိုင်များ အပြောင်းအလဲတို့ ဖြစ်ပေါ်ပြီး ပျက်စီးတတ်ကြလေသည်။ ထိုလောကဓံတရား ရှစ်ပါးကို ကြံ့ကြံ့ခံနိုင် သူတို့သည်ကား လောကတွင် တင့်တယ် အောင်မြင်သူတို့ ဖြစ်နိုင်ပေလိမ့်မည်။ သို့သော် ထိုလောကဓံ တရား၏ ရိုက်ခတ်မှုတို့သည် တစ်ဦးနှင့်တစ်ဦး အပြင်း၊ အပျော့ ကွာခြားချက် များ ရှိကြသလို ခံနိုင်ရည်ခြင်းလည်း ကွာခြားကြလေသည်။

ချမ်းသာခြင်းကို မခံနိုင်သူတို့သည် ချမ်းသာခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်၊ ဆင်းရဲခြင်းကို မခံနုင်သူတို့သည်လည်း ဆင်းရဲခြင်း

ကြောင့် ပျက်စီးကြရလေသည်။ ထိုသို့ဖြင့် ရှစ်ပါးသော လောကဓံတို့ကြောင့် စိတ်ဓာတ်ခွန် အားနည်းသူတို့သည် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။ ထိုသို့သော လောကဓံတရား ရှစ်ပါးတို့ကို ရင်ဆိုင်ရာတွင် တည်ငြိမ်သော မတုန်လှုပ်သော ရင့်ကျက်သောသူတို့သည်သာ ပြည့်စုံချမ်းသာသူ အစစ်များ ဖြစ်ကြောင်း တင်ပြလိုက် ရပေသည်။

**မှတ်ချက်**

ချမ်းသာခြင်းကို အမှတ်တကယ်လိုချင်သူများအတွက် ချမ်းသာခြင်း အစစ်ကို အရိပ်မျှ လှစ်ဟပြလိုက်ခြင်းဖြစ်လေသည်။

**လောကဓံတရား(၈)ပါး**

| | | | |
|---|---|---|---|
| ၁။ | လာဘ | = | လာဘ်လာဘပေါ်များခြင်း။ |
| ၂။ | အလာဘ | = | လာဘ်လာဘနည်းခြင်း |
| ၃။ | ယသ | = | အခြံအရံပေါ်များခြင်း။ |
| ၄။ | အယသ | = | အခြံအရံနည်းခြင်း။ |
| ၅။ | နိန္ဒာ | = | ကဲ့ရဲ့ခြင်း။ |
| ၆။ | ပသံသာ | = | ချီးမွမ်းခြင်း။ |
| ၇။ | သုခ | = | ချမ်းသာခြင်း။ |
| ၈။ | ဒုက္ခ | = | ဆင်းရဲခြင်း။ |

## ဆင်းရဲခြင်း

ဆင်းရဲခြင်းသည် လူတိုင်းနေရာတိုင်းတွင် အချိန်အခါမရွေး ရှိနိုင်လေသည်။ လူတို့တွင် စိတ်ဆင်းရဲခြင်းနှင့် ကိုယ်၏ဆင်းရဲခြင်း ဆိုသော ဆင်းရဲခြင်း နှစ်မျိုးရှိ ကြောင်း လူတိုင်းလိုလို သိကြလေသည်။

သို့သော် ထိုဆင်းရဲခြင်းနှစ်မျိုးတို့သည် ဘာကြောင့်ဖြစ်ပေါ်တတ်သည် ဘယ်အချိန်အခါမျိုးတွင် ဖြစ်ပေါ်တတ်သည်ကိုတော့ လူတိုင်းသိရှိနိုင်ခြင်း မရှိကြပေ။ ဗုဒ္ဓ၏သစ္စာလေးပါးတွင် ဒုက္ခသစ္စာဆိုသောဆင်းရဲခြင်းကို အမှန်တရားနှင့်တွဲ၍ ဖော်ပြထားလေသည်။

ဗုဒ္ဓက ဒုက္ခသစ္စာကို အကျိုးတရားသစ္စာအဖြစ် ဟောခဲ့လေသည်။ အကျိုးတရားဆိုသည်မှာ အကြောင်းကြောင့် ဖြစ်ပေါ်လာသော အရာဖြစ်သည်ကို ဆိုလိုပါသည်။

ဒေါ်ငင်းပျိုစာပေ

ဒီတော့ ဘယ်အကြောင်းတရားကြောင့် ဒုက္ခဆိုတဲ့ ဆင်းရဲခြင်း ဖြစ်ပေါ်သလဲဆိုရင် ဗုဒ္ဓက သမုဒယသစ္စာ အကြောင်းတရားကြောင့်ဟု ဟောခဲ့လေသည်။

သမုဒယဆိုတာကို တွယ်တာခြင်းလို့ ဘာသာပြန်ကြပါတယ်။

ဒီတော့ ဘာကိုတွယ်တာလို့ ဒုက္ခဆိုတဲ့ဆင်းရဲခြင်း ဖြစ်လာရတာလဲဆိုတာ တွေးကြည့်သင့်ပါတယ်။ (ဒီနေရာမှာ တစ်ခုအရေးကြီးတာ ရှိပါသေးတယ်။ အထက်ကရေးခဲ့တဲ့ သစ္စာလေးပါးတရားတွေနဲ့ပက်သက်လို့ ဓမ္မစာပေနဲ့ နီးစပ်တဲ့သူ တရားဘာဝနာ ပွားများဖူးတဲ့ လူတွေကတော့ သဘောပေါက် နားလည်လွယ် ပါလိမ့်မယ်။ သိပြီးသားလူတွေအတွက် နားလည်လွယ်ပေမယ့် မသိသေးတဲ့လူတွေ အတွက် ရှင်းပြနေ ရခြင်းဖြစ်ပါတယ်။ သို့သော် ကျွန်ုပ်ယခုရေးတဲ့စာအုပ်သည် တရားစာအုပ် မဟုတ်ပါဘူး။ သို့အတွက် တရားတော်အတိုင်း အစဉ်လိုက်ဖော် ပြခြင်းမျိုးမဟုတ်ဘဲ ဆင်းရဲခြင်းနှင့် သက်ဆိုင်သော ဗုဒ္ဓ၏ ဟောပြောထားသော အရာတချို့ကိုသာ ထည့်သွင်း ရေးသားခြင်းမျိုးဖြစ်ပါတယ်။)

အဓိကအနေနှင့် အကြောင်းတရားဖြစ်တဲ့ တွယ်တာခြင်းဆိုတာ ဘာကိုဘယ်လို တွယ်တာခြင်းကြောင့် ဆင်းရဲခြင်းဆိုတဲ့ အကျိုးတရားက ဖြစ်လာရတာလဲပေါ့ ဒီတော့မှ အလိုဆန္ဒဆိုတာ ပေါ်လာတယ်။ ဟုတ်ပါတယ်။ အလိုဆန္ဒတွေ ရှိနေသရွေ့ အလိုဆန္ဒတွေကို တွယ်တာနေသရွေ့ လိုလားခြင်း တောင့်တခြင်းများ မပြည့်စုံဘဲ မကျေနပ်ခြင်းများ ရှိနေမှာပါ။

ဒေါင်းပျိုစာပေ

ထိုသို့သော အလိုဆန္ဒများကို စွဲမက်ကာ မရမကကြိုးစားရသောကြောင့် ပင်ပန်းခြင်း ပူလောင်ခြင်းတို့သည် ဆင်းရဲခြင်းသာဖြစ်လေသည်။ မိမိလက်ဝယ် ရှိသော ရပြီးသောပစ္စည်းဥစ္စာ တစ်စုံတစ်ရာတို့ကို တွယ်တာခြင်းကြောင့် ပျောက်ရှမှာ စိုးတယ်။ လျော့နည်းသွားမှာ စိုးတယ်။ထိုအခါ ထိုသို့ စိုးရိမ်ပူပန်ရခြင်းဆိုသော (ဝေဒနာ)ခံစားချက်သည်ပင် ဆင်းရဲခြင်း ဖြစ်လာလေသည်။ လူတစ်ဦးမှ တစ်ဦးကို လည်းကောင်း၊ ပစ္စည်းဥစ္စာ ကိုလည်းကောင်း အယူအဆအတွေးအခေါ်တို့အဆုံး ဘယ်အရာကိုမဆို ဆုပ်ကိုင်တွယ်မှတ် တွယ်တာနေပြီဆိုလျှင် ၎င်းအရာနှင့် ကွေကွင်း ဝေးကွာ ရမည်ဆိုလျှင် တွယ်တာသူသည် ဆင်းရဲခြင်းဒုက္ခကို ခံစားလာရလိမ့်မည် ဖြစ်သည်။

စိတ်၏ခံစားချက်စိတ်ဆင်းရဲခြင်းကြောင့် ကိုယ်ပါဆင်းရဲခြင်းကို ဆက်၍ခံစား လာရလိမ့်မည်။ အဘယ်မျှပင် ပြည့်စုံကြွယ်ဝသည်ဖြစ်စေ မိမိတို့၏ အလိုဆန္ဒတွေကို တွယ်တာနေသရွေ့ အလိုဆန္ဒတွေကြောင့် ရရှိပြီးခဲ့သော အရာတွေကို စွဲလမ်း နေသရွေ့ ဘယ်တော့မှ ချမ်းသာသောသူ ဖြစ်မှာ မဟုတ်ပါဘူး။

လိုအပ်သော ချို့တဲ့သော ဆင်းရဲသောစိတ်တို့သည် အစဉ်ရှိနေဦးမှာ ပါပဲ။

(ဗုဒ္ဓကတော့ သမုဒယကို ပယ်ဖျက်နိုင်လျှင် ဆင်းရဲခြင်းဆိုသော ဒုက္ခသည်လည်း မရှိနိုင်ဟု ဆိုလေသည်။)

ဒေါ်ငှးပျိုစာပေ

လူသားတို့တွင် စိတ်အသိဉာဏ်သည် အဓိကဖြစ်လာလေသည်။ ရုပ်ဝတ္ထု ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတို့သည် ဆင်းရဲခြင်း ချမ်းသာခြင်း၊ အစစ်များ မဟုတ်ကြပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာပေါ်တွင် အချမ်းသာဆုံး အပြည့်စုံဆုံး ဆိုသော လူ၌ပင် လိုလားတောင့်တချက်များ ရှိနေသောကြောင့် ဖြစ်လေသည်။ စိတ်အလိုဆန္ဒ လိုလားတောင့်တ မှုများလေ လေ ဆင်းရဲ လေလေဖြစ်၏။ အလိုဆန္ဒ လိုလား တောင့်တမှု မရှိတော့သော သူသည် ဆင်းရဲခြင်းမှ လွတ်မြောက်သောသူ ပြည့်စုံသူ ချမ်းသာသူ ဖြစ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် စိတ်အလိုဆန္ဒများကို တွယ်တာသူ၊ အစွဲအလမ်းကြီးသူ၊ အလိုဆန္ဒများ သူတို့သည် စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်းများ ဖြစ်ရတတ်သည်။

လိုအင်ဆန္ဒတောင့်တမှု နည်းလွန်းသောသူတို့တွင်လည်း ရုပ်ပိုင်း ဆိုင်ရာ ငွေကြေးချို့တဲ့ ဆင်းရဲကတတ်ပေသည်။ ထို့ကြောင့် အစွန်းနှစ် ဘက် လွတ်စွာဖြင့် ဆင်းရဲခြင်းကို ပက်သက်နိုင်ကြပါစေဟု ဆုတောင်း လိုက်ရ ပေတော့သည်။

## မှတ်ချက်

ရှေးစာပေများတွင် ဆင်းရဲခြင်းအကြောင်းကို ဒုက္ခ(၈)ပါးဟူ၍ ဖော်ပြထား သည်ကို အောက်ပါအတိုင်း တွေ့ရလေသည်။

| | | |
|---|---|---|
| ၁။ ဇာတိ ဒုက္ခ | = | ပဋိသန္ဓေနေရခြင်း/ဆင်းရဲ။ |
| ၂။ ဇရာ ဒုက္ခ | = | အိုမင်းခြင်း/ဆင်းရဲ။ |
| ၃။ ဗျာဓိ ဒုက္ခ | = | နာမကျန်းဖြစ်ရခြင်း/ဆင်းရဲ။ |
| ၄။ မရဏ ဒုက္ခ | = | စုတေသေလွန်ရခြင်း/ဆင်းရဲ။ |
| ၅။ အပိယေဟိ ဝိပ္ပယောဂဒုက္ခ | = | မချစ်မနှစ်သက်သူနှင့် အတူနေ ရခြင်း ဆင်းရဲ။ |
| ၆။ ပိယေဟိ ဝိပ္ပယောဂဒုက္ခ | = | ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲ။ |
| ၇။ ယံပိစ္ဆံ နလဘတိဒုက္ခ | = | လိုသည့်အရာကိုမရခြင်း/ဆင်းရဲ။ |
| ၈။ ပဉ္စုပါဒါ နက္ခန္ဓ ဒုက္ခ | = | ခန္ဓာငါးပါး ဖြစ်ပေါ်နေရခြင်း / ဆင်းရဲ။ |

ဟူ၍ (၈)မျိုးသော ဆင်းရဲခြင်းကို တွေ့ရလေသည်။

## ပျောက်ဆုံးသွားသော နိဗ္ဗာန်ဘုံ

နိဗ္ဗာန်ဆိုလို့ မြတ်စွာဘုရားရှင်ဟောတဲ့ နိဗ္ဗာန်လို့ မထင်လိုက်ပါနှင့် လောကုတ္တရာ နိဗ္ဗာန်ဆိုတာက ဘယ်တော့မှ မပျောက်ဆုံးနိုင်သော သေခြင်း၊ ရှင်ခြင်း၊ ဆင်းရဲခြင်း ချမ်းသာခြင်းဆိုသော အရာများ ဘာမှ မရှိသော အသင်္ခတ တရားစစ် နိဗ္ဗာန်ကို ခင်ဗျ –

ယခုပြောတဲ့ နိဗ္ဗာန်က ပျောက်ဆုံးသွားတဲ့ နိဗ္ဗာန်ဆိုတော့ လောက နိဗ္ဗာန်ပေါ့ နိဗ္ဗာန်ဆိုတဲ့ အဓိပ္ပါယ်ကို ဘယ်လိုယူဆ သုံးနှုန်းပါ သနည်းဆိုလျှင်–

နိဗ္ဗာန်ဆိုတာ ငြိမ်းချမ်းခြင်း၊ ချမ်းသာခြင်း၊ သာယာခြင်း၊ အဆင်ပြေ အေးချမ်းခြင်း တို့ကို ရည်ရွယ်ပြီး သုံးထားတာပါ။ ဒီတော့ ချမ်းသာခြင်း၊ သာယာပျော်ရွှင်ခြင်း၊ အဆင်ပြေခြင်းများဆိုသော အရာတွေ မရှိတော့ဘူး

ပျောက်ဆုံးသွားတယ်ဆိုလျှင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်တွေဘဲ ရှိနေပြီ ဖြစ်နေပြီဆိုတဲ့ သဘောကို ဆိုလိုတာပေါ့ -

ဒီတော့ ထိုအရာတွေကို ဘယ်သူတွေက သဘောကျမှာလည်း ဒီလိုဆိုလျှင် ထိုအရာတွေကို ဘယ်သူတွေက ရချင် ဖြစ်ချင်ကြမှာလဲ -

ကဲ ဒီလိုဆိုရင် ဒီလောက နိဗ္ဗာန်ကို ပျောက်အောင် ဘယ်သူတွေက ဘာကြောင့် လုပ်ကြမှာလဲပေါ့။ ဒီလိုဘယ်သူမှ ပျောက်အောင်မလုပ်ပါဘဲနှင့် မပျောက်စေချင်ပါပဲ။ ဒီလောကနိဗ္ဗာန်ဆိုသော အဆင်ပြေသာယာခြင်းဆိုသော အရာတွေဟာ လူတွေဆီကနေ ဘယ်လိုပုံ ဘယ်လိုနည်း ပျောက်ဆုံး သွားခြင်းကြောင့် ဒီကနေ့အဆင်မပြေသူတွေ ဒုက္ခဆင်းရဲဖြစ်ကြရသူတွေ တွေ့နေရပါသနည်း။

၎င်းမေးခွန်းကို ဖြေရမည်ဆိုလျှင် အတော်ကိုကျယ်ဝန်းပါတယ်။ ပြည့်စုံ ကုန်လုံးအောင်လည်း ကျွန်ုပ်ရှင်းလင်းရေးသားနိုင်မည်မထင်ပါ။ သို့သော် အတတ်နိုင်ဆုံးနှင့် ခြုံမိအောင် ပြည့်စုံနိုင်သလောက် ပြည့်စုံအောင် ကြိုးစားပြီး ရှင်းလင်း ရေးသားမှာဖြစ်ပါတယ်။ ဒါပေမယ့် တိုတိုနဲ့လိုရင်းကို ပြောဘာဆိုလျှင်တော့ သင်တို့ကြောင့် သင်တို့၏ လောကနိဗ္ဗာန်သည် သင်တို့ ဆီမှပျောက်ဆုံးသွားရတာ ဖြစ်ပါတယ်ဟု ဆိုချင်ပါသည်။

ဤသို့ဆိုလိုက်လျှင် အချို့သောသူများက စောဒက တက်ကြပေ လိမ့်မည်။ ကျွန်တော် ကျွန်မတို့ ဒီလောကနိဗ္ဗာန် ကွယ်ပျောက်သွားအောင် ဘာမှ မလုပ်ခဲ့ပါဘူးဟု ဆိုကြလိမ့်ဦးမည်။

ထိုသို့ဆိုလျှင် ၎င်းသူတို့သည် အဆိုပါနိမိတ်ကို ဘယ်လိုအကြောင်းတရားတွေကြောင့် ရထားတာလည်း ဘယ်လိုအကြောင်းတရားတွေကြောင့် ဖြစ်တည်နိုင်သည်၊ ပျက်စီးနိုင်သည်ကို မသိ၍ ၎င်းတို့ဆီမှ လောကနိမိတ်သည် ပျောက်ဆုံးသွားခြင်းဖြစ်ပါလို့မ်မည်။

ဒီနေရာမှာ တစ်ခုရှင်းစရာလေးရှိပါသေးတယ်။ ပျောက်ဆုံးသွားတယ် ဆိုတာက နဂိုကရှိပြီးသားနော်။ အခုမရှိတော့တာ ပျောက်သွားတာပါ။ မရှိတာကို ရှိအောင်လုပ်ဖို့ ပြောနေတာမဟုတ်ပါဘူး။

အဲဒီလိုဆိုလျှင် စောစောက စောဒကတက်တဲ့စကားလေး ပြန်စကြရအောင် ကျွန်တော် ကျွန်မတို့တာမှ မလုပ်ရပါပဲ ဆိုတဲ့လူတွေဟာ ဒီလောကနိမိတ်ကို ဘယ်လိုအကြောင်းတရားတွေကြောင့် ပျက်စီးစေ နိုင်သလဲဆိုတာကို မသိခဲ့လို့ဟု ဆိုခဲ့လေသည်။

ထိုသို့ ဆိုလျှင် ယခုလက်ရှိရရှိခံစားနေရသူများသည်လည်း မိမိတို့လက်ဝယ်ရှိနေသော လောကနိမိတ်လေးတွေကို အဘယ်သို့ ဖြစ်ထွန်းလာသည် အဘယ်အကြောင်းတရားတွေကြောင့် ဖြစ်တည်လာသည် အဘယ်သို့သော အချက်တွေနှင့် အပြုအမူတို့ဖြင့် ဆက်လက်ဖြစ်ထွန်းအောင် မပျက်စီးအောင် ထိန်းသိမ်း ရမည်ကို မသိသူကများလိမ့်မည်ဟု ကျွန်ုပ် ယူဆမိလေသည်။

ဒီတော့ ဒီလောကနိမိတ်ကို ဘာတွေနဲ့ တည်ဆောက်ရမည်၊ ဘယ်လို အကြောင်းတရားတွေက ပျက်ပြုန်းစေသည်ကို ပြောပြမည်ဆိုက

လူတိုင်း သိချင်ပေလိမ့်မည်။

ထိုသို့ အလွန်တရာတန်ဖိုးကြီးမားသော အရာများကို ၊ အဖြေများ ပေးခဲ့သူဟာ တကယ်တော့ ကျွန်ုပ်မဟုတ်ချေ။ ကျွန်ုပ်သည်ကား တစ်ဆင့် ပေးသူ၊ ပြောသူ၊ ရှင်းပြသူသာဖြစ်လေသည်။ မူလ ပိုင်ရှင်ကား လောက တစ်ခွင်တွင် အတူမရှိသော မြတ်ဗုဒ္ဓသာဖြစ်ပါသည်။

ထို့ကြောင့် ထိုအဖြေသည် အဆိုပါလောကနိဗ္ဗာန်ကို ညွှန်ပြရာ ဖြစ်ထွန်း စေသောအရာ ပျက်စီးစေသောအရာတို့ကို အတိုဆုံးနှင့် အရှင်းဆုံး အပိုအလိုမရှိသော အဖြေပင်ဖြစ်လေသည်။ သို့သော် ကျွန်ုပ်တင် ပြရာတွင် နားလည်သဘောပေါက်မှု မရှိခြင်း၊ မပြည့်စုံခြင်း၊ ပိုခြင်းများ ရှိခဲ့မည်ဆိုလျှင် တစ်ဆင့် ဖောက်သည်ချသူ ကျွန်ုပ်၏ အပြစ်သာဖြစ်ကြောင်း ရှေးဦးစွာ ဝန်ခံရပေလိမ့်မည်။

ကျွန်ုပ်အထက်တွင် ဖော်ပြခဲ့သော လောကနိဗ္ဗာန်ကို ဖြစ်ထွန်း စေသော ဆုံးရှုံးပျက်စီးစေသော အကြောင်းတရားတို့ကို ဗုဒ္ဓက အချက် ၃၈ ချက်ဖြင့် ဟောကြားခဲ့ပါသည်။

၎င်းမူရင်းပါဠိမှာ "မင်္ဂလာသုတ်"ပင်ဖြစ်ပါသည်။ "မင်္ဂလာ" ဆို သည်မှာ ကြီးပွားချမ်းသာခြင်းကို ဖြစ်စေသော အကြောင်းတရားဟု အဓိပ္ပါယ်ရလေသည်။

ဗုဒ္ဓညွှန်ပြထားသော လောကနိဗ္ဗာန်ဖြစ်ထွန်းခြင်း အကြောင်းတရား ၃၈ ချက်တို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဒေါင်းပျံစာပေ

၁။ လူမိုက် မလိမ္မာတဲ့လူတွေနှင့် မပေါင်းဖော်ခြင်း။

၂။ ပညာရှိတဲ့လူ လိမ္မာတဲ့လူတွေနှင့် ပေါင်းဖော်ခြင်း။

၃။ ချီးမြောက်ပူဇော်ထိုက်သောသူတို့ကို ချီးမြောက်ပူဇော်ခြင်း။

၄။ သင့်တင့်လျောက်ပတ်သောအရပ်တွင် နေထိုင်တတ်ခြင်း။

၅။ ရှေးယခင်က ပြုခဲ့ဘူးသော ကောင်းမှုများရှိသူဖြစ်ခြင်း။

၆။ မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်နိုင်ခြင်း။

၇။ အသိအမြင် ဗဟုသုတများခြင်း။

၈။ အပြစ်မရှိသော ပြဿမဖြစ်စေသော အတတ်များတတ်ခြင်း။

၉။ စည်းကမ်းဥပဒေတို့ကို တတ်သိနားလည်ခြင်း။

၁၀။ ကောင်းသော ကောင်စွာဆိုအပ်သော စကားကိုသာ ဆိုခြင်း။

၁၁။ အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်း။

၁၂။ သားမယားတို့ကို ပေးကမ်းထောက်ပံ့ခြင်း။

၁၃။ နှောင့်ယှက် ဖျက်ဆီးသူတို့နှင့် မထိတွေ့ရလေအောင် နေတတ်ခြင်း။

၁၄။ အလှူအတန်း ဒါနပြုလုပ်တတ်ခြင်း။

၁၅။ မိမိတို့ဘာသာတရားတို့အလိုက် ကောင်းသော အကျင့်များကို ကျင့်ကြံ လိုက်နာတတ်ခြင်း။

၁၆။ ဆွေမျိုးဉာတိတို့ကို ပေးကမ်းထောက်ပံ့ခြင်း။

၁၇။ အပြစ်မရှိအောင် ပြဿနာမဖြစ်အောင် နေတတ်ခြင်း။

၁၈။ မကောင်းသော အမှုအကျင့်တို့ကို ရှောင်ကြဉ်ခြင်း။

၁၉။ မကောင်းမှု မကောင်းသောအလုပ်တို့ကို အထူးသဖြင့် သတိထား ရှောင်ကြဉ်ခြင်း။

၂၀။ သောက်စားမူးယစ်ခြင်းမရှိခြင်း။

၂၁။ ကောင်းသောအမှုကိစ္စတို့ကို ပြုလုပ်ရန် မမေ့လျော့ခြင်း။

၂၂။ ရိုသေသင့်သောသူတို့ကို ရိုသေလေးစားခြင်း။

၂၃။ မိမိကိုယ်ကို နှိမ်ချပြောဆိုနေထိုင်ခြင်း။

၂၄။ ရောင့်ရဲတင်းတိမ်တတ်ခြင်း။

၂၅။ မိမိအပေါ် သူတစ်ပါးပြုခဲ့ဖူးသော ကျေးဇူးတရားကို သိတတ်ခြင်း။

၂၆။ သင့်တင့်သောအခါတွင် သူတော်ကောင်းတို့ ဟောပြောသော တရားဒေသနာတို့ကို ကြားနာရခြင်း။

၂၇။ သည်းခံတတ်ခြင်း။

၂၈။ ကောင်းမွန်သောဆိုဆုံးမခြင်းတို့ကို လက်ခံလိုက်နာလွယ်ခြင်း။

၂၉။ ထူးမြတ်သော ပုဂ္ဂိုလ်တို့ကို တွေ့မြင်သိကျွမ်းခွင့်ရသောသူဖြစ်ခြင်း။

၃၀။ သင့်တင့်သောအခါတွင် တရားဓမ္မစကားများကို ဆွေးနွေးမေးမြန်းတတ်ခြင်း။

၃၁။ မြိုးခြံခြွေတာတတ်ခြင်း။

၃၂။ ကောင်းမြတ်သောအကျင့် ကိုယ်ကျင့်တရားရှိခြင်း။

၃၃။ သူတော်ကောင်းတို့ကျင့်သောအကျင့် သစ္စာတရားတို့ကို သိမြင်နားလည်ရခြင်း။

၃၄။ လောကုတ္တရာ နိဗ္ဗာန်ကို သိမြင်ခံစားနိုင်ခြင်း။

၃၅။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံသောအခါ မတုန်လှုပ်ခြင်း။

၃၆။ လောကဓံတရားတို့နှင့် တွေ့ကြုံထိတွေ့သောအခါ စိုးရိမ်ခြင်းမရှိခြင်း။

၃၇။ လောကဓံတရားတို့နှင့် ထိတွေ့သောအခါ ရမ္မက်မြူကင်းခြင်း။

၃၈။ လောကဓံတရားတို့နှင့် တွေ့ကြုံသောအခါ ဘေးမဖြစ်သောသူဖြစ်ရခြင်း။

ထိုသို့သော အကြောင်းတရား(၃၈)ပါးသည် လောကနိဗ္ဗာကို ဖြစ်တည်ပေါ်ပေါက်စေသော အကြောင်းတရားများဖြစ်ပြီး ထို(၃၈)ပါးတို့နှင့် ဆန့်ကျင်ဘက် အကြောင်းတရားများသည်လည်းကောင်း၊ ထို(၃၈)ချက်သော အကြောင်းတရားများ မရှိခြင်းသည်လည်းကောင်း၊ လောကနိဗ္ဗာန်ကို ပျက်စီးစေသော ပျောက်ပျက် စေသော အကြောင်းတရား(၃၈)ပါးတို့ ဖြစ်ကြလေသည်။ ထိုသို့သော အပြုတရား (၃၈)ပါးနှင့် ဆန့်ကျင်သော ကျင့်ကြံနိုင်ပုံတို့ဖြင့် ကျင့်ကြံနေထိုင်ခြင်းသည် လောက နိဗ္ဗာန်ကို ဖျက်ဆီးနေ ခြင်းသာဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုရသော် အထက်တွင်ဖော်ပြထားသော အချက်(၃၈) ချက်လုံးနှင့် ပြည့်စုံသူသည် ဒိကမ္ဘာ ပေါ်တွင် မရှိသလောက် ဖြစ်နိုင်ပေသည်။ သို့သော်ထို(၃၈)ချက်ထဲမှ ငါးချက်ပြည့်စုံသူ ရှိသူထက် ခြောက်ချက်ပြည့်စုံသူရှိသူကလောကနိဗ္ဗာန်နှင့် ပို၍နီးသူဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုအချက်(၃၈)ချက်တို့သည် ဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ လူသားတိုင်းအတွက် ကိုးကွယ်ရာ ဘာသာအလိုက် အခေါ်အဝေါ် အနည်းငယ် ပြောင်း၍ မှတ်သားကျင့်ကြံ လိုက်နာသင့်သော အကြောင်းတရားများဖြစ်ပါ၏။ လိုက်နာကျင့်ကြံ နေထိုင်နိုင်လျှင် အကျိုးရှိပုံ အဓိပ္ပါယ်ရှိပုံ အတူတူပင်ဖြစ်၍ လောကနိဗ္ဗာန်သို့ သွားရာလူသားအားလုံး၏ နည်းလမ်းဖြစ်လေသည်။

ထိုအတွက် လူသားအားလုံး ဖြည့်ဆည်းကျင့်သုံးသင့်သော အကြောင်းတရားများ ဖြစ်ကြောင်းနှင့် ရှိပြီးဖြစ်သော လောကနိဗ္ဗာန်တို့ကို တည်မြဲစေသော အကြောင်းတရားများ ဖြစ်လေသည်။

ထိုအကြောင်းတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော 'ဥပမာ' လူမိုက်နှင့် ပေါင်းခြင်း/ ပညာရှိကို မပေါင်းခြင်းစသဖြင့် ဆိုသော အကျင့်စရိုက် အနေအထိုင် တို့သည် လောကနိဗ္ဗာန်ကို ပျက်ပြုန်းစေသော အကြောင်းတရားများဖြစ်ကြောင်း ပျောက်ဆုံးသွားသော နိဗ္ဗာန်တုံ ဆိုသော ခေါင်းစဉ်ဖြင့် စာဖတ်သူများအတွက် တင်ပြလိုက်ရပေသည်။

**မှတ်ချက်**

(ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလသုတ်အနက်ကို ဣစာသယဆယ် စောင်တွဲတွင် ပြည့်စုံစွာ ဖတ်ရှုပါ။)

## စာရိတ္တမဏ္ဍိုင်နှင့် လူသားကမ္ဘာ

လူသားကမ္ဘာမှာ စာရိတ္တဟာ မဏ္ဍိုင်ဖြစ်ပါတယ်။ လူသားအစုအဖွဲ့ အဖွဲ့အစည်း လူသားကမ္ဘာ အစွန့်ရှည် ခိုင်မာဖို့ဆိုလျှင်လည်းကောင်း အဘယ်သို့သောမိသားစု အဘယ်သို့သော အဖွဲ့အစည်း အဘယ်သို့သော တိုင်းပြည်မှာမဆို စာရိတ္တဟာ အရေးကြီးဆုံးအရာပါဘဲ။

စာရိတ္တမကောင်းတဲ့ သူတွေ ကြီးစိုးနေတဲ့ လူ့အဖွဲ့အစည်း မိသားစု အသင်းအဖွဲ့အစည်းတွေဟာ အဘယ်သို့သောနည်းနှင့်မျှ တိုးတက်ထွန်းကား မှာ မဟုတ်ပါဘူး။

'လည်လို့စားရတာပဲ' ဆိုတဲ့ အချောင်သမားစိတ်ဓာတ်နှင့်တော့ ဘယ် အသိုင်းအဝိုင်းကိုမှ အကျိုးပြုမယ့်လူတစ်ယောက် ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒေါင်းပျိုစာပေ

ဒီလိုစိတ်ဓာတ်မျိုးနှင့် ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာမှု ဆိုတာတွေဟာ လည်း သမုဒ္ဒရာရေမျက်နှာပြင်ထက် ခဏတက်တဲ့ ရေပွက်ပါဘဲ။

လောကကြီးသာယာဖို့ သင့်မျက်နှာကို အရင်ပြုံးလိုက်ပါ ဆိုသလိုပါပဲ။ လောကကြီးကို သာယာငြိမ်းချမ်းစွာ မြင်လိုလျှင် သင်ကိုယ်တိုင် သင်၏ စာရိတ္တကို ကောင်းအောင် ကြိုးစားကျင့်ကြံ နေထိုင်ပါလို့ ဆိုရမှာ ဖြစ်ပါတယ်။ လူတိုင်းလူတိုင်း စာရိတ္တတွေ ကောင်းနေကြမယ်ဆိုလျှင် ကျွန်တော်တို့ ကမ္ဘာကြီးဟာ အလွန်သာယာ လာမှာ သေချာပါတယ်။

ယနေ့ခေတ်မှာ နေရာတော်တော်များများမှာ လိမ်ကြညာကြ ခိုးကြတဲ့ လူတွေကို တွေ့နေရပါတယ်။ တချို့ဆိုလျှင် မိမိမခိုးသော်လည်း ခိုးသူကပေးသော လာဘ်လာဘ တို့ကို လက်ခံပြီး ခိုးနေကြ ဆိုးနေကြသည်များကို မသိလေဟန် မျက်စိမှိတ်ပေး နာခေးပေးဆိုသော ပုံစံမျိုးဖြင့်လည်း စာရိတ္တ မကောင်းသောသူအဖြစ်သို့ ရောက် ကြရလေသည်။

တချို့ဆိုလျှင် ပြောတတ်သော စကားပင်ရှိသေးသည်။ 'ကိုယ်ကဘာမှ လုပ်ရတာမဟုတ်ဘူး လက်မှတ်လေးတစ်ချက် ထိုးပေးရုံနဲ့ သိန်းနှင့်သောင်းနှင့် ချီပြီးရနေတာ' ဆိုသော စကားပင်ပြောတတ်ကြပေသည်။

သို့သော် ထိုသို့သော နေရာများမှသည် တစ်ကျပ်တစ်ပြားရသော နေရာများ အထိ ရသင့်ရထိုက်သော နေရာသမာအာဇီဝကြသော ခံစားခွင့်မဟုတ်သော ဝင်ငွေတွေများ ဖြစ်နေလျှင် အလွန် အန္တရာယ်ကြီး လှပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ငွေကြေးဆိုသည်မှာ လူတိုင်းအလိုလိုမက်မောဖွယ်

လိုချင်သော အရာဖြစ်နေသဖြင့် အဆိုပါငွေကြေးကို ပေးကမ်းရခြင်းဆိုသည်မှာ

အကြောင်းတရားသည် ကောင်းစွာရှိနေတတ်သည်။ သာမာန်အကြောင်းတရား များလည်းဖြစ်နိုင်လေသည်။ သို့မဟုတ် တစ်စုံတစ်ယောက် အများသူငါတို့၏ အကျိုးတစ်စုံတစ်ရာတို့ကို ထိခိုက်စေနိုင်သော အကြောင်းတရားများလည်း ဖြစ်နိုင်လေသည်။

မည်သို့ပင် ရှိစေကာမူ အမှန်အားဖြင့် လူတို့သည် မိမိအတွက် အကျိုးတစ်စုံ တစ်ရာမရှိပါပဲ မည်သူမှ ငွေကြေးတစ်စိုး လက်ဆောင်ကို တပါးသူအား ပေး မည်မဟုတ်ပေ။ ထို့ကြောင့်ပင် ဆိုရိုးစကား တစ်ခုရှိသည် ထင်၏။ 'ထောင်မြင်ရာစွန့်' ဆိုသော စကားပင်ဖြစ်၏။ ထိုသို့ ထောင်မြင်၍ရာစွန့်ကြခြင်းဖြစ်လျှင် အထက်ကဆိုခဲ့သော 'ရာ'မျှရသောသူများထက် 'ရာ'မျှ လာပေးသော သူများ သို့မဟုတ် 'ရာ'မျှစွန့်သောသူအချို့သည် ထောင်နှင့်ချီရသူများဖြစ်လျှင် ထိုသူတို့သည် တရားသော မျှတသော ရသင့်သော ရထိုက်သော လုပ်ငန်းများမှ ရခြင်းရော ဟုတ်ပါမည်လော။ ထိုသို့မဟုတ်ကြလျှင် ထိခိုက်နစ်နာသူတို့သည် အဘယ်သူများ ဖြစ်လိမ့်မည်နည်း တွေးစရာများ ဖြစ်လာပါသည်။

ကျွန်ုပ်ဆိုလိုသည်မှာ စာရိတ္တမဏ္ဍိုင်အကြောင်းပင်ဖြစ်၏။ စာရိတ္တဟုဆိုရာတွင် အကြမ်းအားဖြင့် လူမှုရေး စာရိတ္တနှင့် စီးပွားရေးအကျင့်စာရိတ္တဆိုပြီး နှစ်မျိုးခွဲ၍ ပြောရမည်ဖြစ်၏။ စီးပွားရေးအကျင့်စာရိတ္တသည် လူ့အသိုင်းအဝိုင်းအတွက် အရေးကြီးသလို လူမှုရေးစာရိတ္တသည်လည်း လူသားအတွက်

လွန်စွာအရေး ကြီးလှပါသည်။ လူ့အသိုင်းအဝိုင်းမှာ လူမှုရေး စာရိတ္တ မကောင်းသူတွေ ရှိနေသော နေရာဒေသပတ်ဝန်းကျင်မှာ ဘယ်သူမှ မိမိတို့ မိသားစုကို ရှိနေစေချင်မှာ မဟုတ် ပါဘူး။ ထိုသို့လူသား အားလုံး အတွက် အရေးကြီးလှသောစာရိတ္တတရားသည် ကျွန်ုပ်တို့လို ပုရိသဆိုသော ယောကျ်ားများအတွက် ပို၍အရေးကြီးလှပေသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့လူအဖွဲ့အစည်းတို့တွင် ရှေ့တန်းမှ ဦးဆောင် ဦးရွက် ပြုနေကြသူများမှာ ပုရိသဆိုသော ယောကျ်ားများက အများစု ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

ရှေ့မှ ဦးဆောင်သူများ မှားလျှင် နောက်မှ လိုက်သူများမှားမည် သို့မဟုတ် အတိဒုက္ခရောက်ကြရလိမ့်မည် ဖြစ်လေသည်။ တချို့ဆိုလျှင် ပြန်၍မရနိုင်သော ဆုံးရှုံးခြင်းများကို ခံစားကြရသည်အထိ စာရိတ္တမကောင်းသူများကြောင့် အတိဒုက္ခ ရောက်ရလေသူများပင် ရှိကြလေသည်။ ထို့ကြောင့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို သာယာလှပစေချင်လျှင် မိမိတို့၏စာရိတ္တကို ကောင်းအောင် ကျင့်ကြံနေထိုင်သင့်လှပေသည်။

တစ်နည်းဆိုရလျှင် စာရိတ္တသည် လူအဖွဲ့အစည်း လူသားများအတွက် မဏ္ဍိုင်တစ်ခု ဖြစ်လေရာ အဆိုပါမဏ္ဍိုင်ကြီးသည် ယိမ်းယိုင်ကွေကောက် နေမည်ဆို လျှင်ဖြင့် -

အဆိုပါ လူ့အဖွဲ့အစည်း လူ့အသိုင်းအဝိုင်းတွင် မနစ်နာသင့်ပဲ နစ်နာရ သူတွေ မဆုံးရှုံးသင့်ပါဘဲ ဆုံးရှုံးရသူတွေဟာလည်း ဖြစ်ပေါ်နေမည်

ရှိနေမည်သာဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ အများစု နေထိုင်ကြသော်လည်း ငါးပါးသီလတွင် ပါသော သီလသုံးပါး ဖြစ်သည့် 'အဒိန္နာဒါနာ' သူတစ်ပါး၏ ဥစ္စာခိုးယူခြင်း 'မုသာဝါဒါ' လိမ်လည် ပြောဆိုခြင်းနှင့် 'ကာမေသု မိစ္ဆာစာရာ' သူတစ်ပါးသားမယား လင်သားကို ကျူးလွန်ဖောက်ပြန်ခြင်းဆိုသော အခြေခံ သီလများကိုပင် မကြာခဏ ကျူးလွန်နေကြသဖြင့် စာရိတ္တအရေး ရင်လေးစရာ ဖြစ်နေသည်ဟု တွေးမြင် ခံစားမိပါသည်။

ထို့ကြောင့် စာရိတ္တကောင်းခြင်းအကြောင်းတရားမှာကောင်းမွန်သော အကျင့်တို့ကို ကျင့်ကြံနေထိုင်၍ မကောင်းသော အကျင့်အကြံတို့ကို စောင့်ထိန်း စောင့်စည်းခြင်း ဖြစ်လေရာ အထက်ကဆိုခဲ့သော သီလသုံးပါးတို့ သည် စာရိတ္တ ကောင်းသည်ဟုမိမိကိုယ်ကို ခံယူသူတိုင်းအတွက် စောင့်စည်း ပြီး မကျူးလွန်သောသူများ ဖြစ်နေရမည်မှာ အမှန်ပင် ဖြစ်လေတော့သည်။

## ဒုက္ခမြစ်ကိုဖြတ်ကျော်ခြင်း

လူတိုင်းတွင် ဒုက္ခဆိုတာရှိပါတယ်။ အဲဒီဒုက္ခတွေကို ဖြေရှင်းဖို့ ကြိုးစားရတာဟာ မလွယ်ပါဘူး။ ဒီလိုမလွယ်ကူတာကို အခက်အခဲလို့ ခေါ်ကြပြန်တယ်။ ကျော်လွှားနိုင်လျှင်တော့ အဲဒီလူဟာ အောင်မြင်သူဖြစ်လာပါတယ်။ မကျော် လွှားနိုင်လျှင်တော့ အဲဒီလူဟာ ကျရှုံးတဲ့လူတစ်ယောက်ပေါ့။

ဒါဟာ ဘာနဲ့တူသလဲဆိုတော့ ... မြစ်တစ်ခုကို ဖြတ်ကူးဖို့ကြိုးစားတဲ့လူနဲ့ တူပါတယ်။ ဟိုဘက်ကမ်းကို မကူးနိုင်ခင်အချိန်မှာ မိမိကြိုးစားမှု မအောင်မြင်သေး လျှင် ဒီဘက်ကမ်းဖြစ်တဲ့ ဆင်းရဲခြင်းဒုက္ခကို ပြန်ရောက်နိုင်ဖို့ ခံစားနိုင်ဖို့ လိုပါတယ်။ ဟိုဘက်ကမ်းကိုလည်း ရောက်အောင်မကူးနိုင် ဒီဘက်ကမ်းကိုလည်း ရောက်အောင် မလာနိုင်လျှင်တော့ ရေလယ်မှာ ခြေကုန်လက်ပန်းကျသလို ဟိုမရောက် ဒီမရောက် အဖြစ်ဆိုးနိုင်ပါတယ်။

ဒေါင်းပျိုစာပေ

မူလဘက်ကမ်းကို ပြန်ရောက်သူအနေနှင့် အချိန်မရွေး အားမွေးပြီး ဟိုမှာဘက် ကမ်းကိုကူးနိုင်ဖို့ ဖြစ်နိုင်ပါလိမ့်မည်။ အကြိမ်ကြိမ် ကျရှုံးသူသည် အကြိမ်ကြိမ် ကြိုးစားခွင့် ရသူဖြစ်လေသည်။

သို့သော် ဒီနေရာတွင် အရေးကြီးသည့် အရာတစ်ခုရှိသေးသည်။ မိမိမှာရှိသော အခက်အခဲကို ကိုယ်ကိုတိုင် ကြိုးစားမဖြေရှင်းပါဘဲ ရေသာခို အချောင်လမ်းကိုလိုက် ပြီး တောင်းစား ရမ်းစားတဲ့လူတွေဟာ ဒုက္ခဆိုတဲ့ အဆုံးမရှိသောမြစ်ကို ဖြတ်ကျော်ဖို့ မကြိုးစားဘဲ ကမ်းနားက ပတ်လျှောက်တဲ့လူနဲ့ တူပါတယ်။ ဘယ်တော့မှ တစ်ဘက်ကမ်းအောင်မြင်ခြင်း ဆိုသောကုန်းပေါ်သို့ တက်ရောက်နိုင်မှာ မဟုတ်ပါဘူး။ အမြဲ ဒုက္ခနဲ့ ရင်ဆိုင်နေရပြီး ဆင်းရဲခြင်းဆိုတဲ့ ဝေဒနာကိုပါ ထပ်ပြီး ခံစားရပါလိမ့်မည်။

ထိုသူတို့တွင် အခက်အခဲကြီးကြီးမားမားကို ရင်ဆိုင်ရခြင်းမရှိသလို ရင်ဆိုင်နိုင်တဲ့ ခွန်အားနှင့် အခွင့်အလမ်းတွေလည်း တဖြည်းဖြည်း လျော့နည်းလာပါတယ်။

မသွေးဘဲထားသော မခုတ်ဘဲထားသော ဓားတစ်ချောင်းလို ဘဝတွေဟာ ထားလို့တုန်း တုန်းလို့ထား ဖြစ်လာပါတယ်။ ဒီလို ထားလို့ တုန်း တုန်းလို့ထား ဆိုတဲ့ သံသရာလည်ခြင်းနှင့်အတူ နောက်ဆုံးဒီလိုလူတွေ ဟာ ဆင်းရဲခြင်း နွမ်းပါးခြင်း မပြည့်စုံခြင်း ဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာနိမ့်ကျခြင်း များသာ မကတော့ဘဲ စိတ်ပိုင်းဆိုင်ရာ နိမ့်ကျခြင်းများစွာပါ ဖြစ်ပေါ် လာတတ်ပါတယ်။ (ရုပ်ပိုင်းနိမ့်ကျတိုင်း စိတ်ပိုင်းဆိုင်ရာ နိမ့်ကျသည်တော့ မဟုတ်ပေ)။ သို့သော်

များသောအားဖြင့် ရုပ်ပိုင်းဆိုင်ရာ နိမ့်ကျလာပြီဆိုလျှင် စိတ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ရေးရာများပါ နိမ့်လာတတ်ပါသည်။

အချို့သော လူများမှာတော့ ရုပ်ပိုင်းဆိုင်ရာ သင့်တင့် ပြည့်စုံသော်လည်း စိတ်ပိုင်းဆိုင်ရာ မပြည့်စုံသူများလည်း ရှိတတ်ကြပေသည်။

အဘယ်သို့ပင် ဆိုစေကာမူ ကိုယ်ကိုတိုင် ကြိုးစား၍ ဒုက္ခမြစ်၏ တစ်ဘက်ကမ်းကို ရောက်လာတဲ့သူ မဟုတ်၍သော်လည်းကောင်း ကိုယ်တိုင် ကြိုးစားရင်း ဒုက္ခမြစ်အလယ်မှာ စိတ်ဒဏ်ရာ အနာ ဖြစ်ခဲ့ကြ သူများမှာ ဆိုလျှင်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံပေမယ့် နိမ့်ကျတဲ့စိတ်တွေ ရှိနေတတ်ကြပါတယ်။ ဒီတော့ဒုက္ခမြစ်ကို ဘယ်လို ဖြတ်ကျော်မလဲ တစ်ဘက်ကမ်းမှာရော သုခတွေပဲ ရှိနေမလားဆိုတာကို တွေးကြည့်သင့်ပါတယ်။

ဒုက္ခဆိုတာ တကယ့်ကိုပဲ မြစ်နှင့်တူပါတယ်။ တိမ်တဲ့နေရာတိမ်တယ်။ နက်တဲ့နေရာမှာ နက်ပါတယ်။ ကျယ်တဲ့နေရာမှာများကြတော့လည်း ကမ်းမမြင်အောင် ကျယ်နေတတ်ပါတယ်။ ဒီမြစ်ကို ဖြတ်ကျော်ကြတဲ့နေရာမှာ လူတစ်ယောက် နှင့်တစ်ယောက် ဖြတ်သန်းသည့် နေရာခြင်း မတူကြသလို အတိမ်အနက် အကွာအဝေးတွေ မတူကြတော့ဘူးပေါ့။

ဒီတော့ ထိတွေ့ခံစား ရတာခြင်းလည်း မတူကြပြန်ဘူး။ ဒီနေရာမှာ မိမိရဲ့ အခြေခံဘဝ အနေအထား တွေကလည်း မြစ်ကြီးကို စက်လှေနှင့် ကူးရသူ ဖောင်နှင့်ကူးရသူ လက်ပစ်ကူးရသူ ဆိုပြီး ကွဲချင် ကွဲနေနိုင်ပါ သေးတယ်။ ဒါပေမယ့် စက်လှေပေါ်ကလူလည်း စက်လှေမှောက်ပြီး ရေထဲကျ

သေနိုင်တယ်။ လှေကို ငုတ်ထိုးပြီးလည်း ရေနစ်နိုင်တယ်။

ကဲ ဒီလိုဆိုတော့ ဒုက္ခဆိုသော အရာကို စိတ်နှင့်သာ ထိတွေ့ခံစားလို့ရတဲ့ အရာကနေ ရုပ်ဝတ္ထု မြစ်တစ်ခု အဖြစ် တွေ့မြင်နိုင်လာပြီ ဆိုလျှင် အဆိုပါဒုက္ခမြစ်ကို ဘယ်လို ဖြတ်ကျော် ရမယ်ဆိုတာ စဉ်းစားလို့ ရနိုင်လာပါလိမ့်မယ်။ ဘယ်လိုဖြတ်ကျော် ရမယ်ဆိုတာနှင့် ကိုယ်ရောက်နေတဲ့ ဒုက္ခမြစ်ရဲ့ တည်နေရာအကျယ်အဝန်း အတိမ်အနက်ကို တီးမိ ခေါက်မိ ရှိလာမှာ အမှန်ပါဘဲ။ ဒီတော့မှ မိမိတို့သွား လိုရာကို ကျွမ်းကျင်မှုဆိုတဲ့ အတတ်ပညာနှင့် ပဲ့ကိုင်ကာ မမေ့ လျော့သော သတိဖြင့် ဆူးညှောင့် ငုတ်၊ လေဒဏ် မိုးဒဏ်ကို ကာကွယ်ကာ ဒုက္ခမြစ်ကို ဖြတ်ကျော် နိုင်ကြလိမ့်မည် ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

အချုပ်အားဖြင့်ဆိုရသော် ... ဒုက္ခသုခဆိုသော အရာတို့သည် စိတ်ဖြင့်သာ အဓိက ခံစားရသော အရာများ ဖြစ်သောကြောင့် မိမိတို့၏ စိတ်နှလုံးကို လေ့ကျင့်၍ ရင့်ကျက် တည်ငြိမ်စေပြီးမှသာ ဒုက္ခမြစ်၏ တစ်ဘက်ကမ်းစပ်သို့ ရောက်ခြင်း ဆိုသော လောကဓံတရား(၈)ပါးတို့၏ အလယ်တွင် တည်ငြိမ်ခြင်း ဆိုလေသော နေရာသို့ ရောက်နိုင်ပေလိမ့်မည်ဟု ဆိုလိုက်ရပေ တော့သည်။

(ပုဂ္ဂိုလ်သတ္တဝါအပေါင်း ဒုက္ခဆင်းရဲမှ လွတ်နိုင်ကြပါစေ)။

## လောကဓမ္မ သဘာဝနှင့် မနုဿ၏ဆန္ဒ

လူသားဟာ မိမိမပါဘဲ မိမိပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုများ ဖြစ်ပေါ်ပြောင်းလဲမှုတို့အပေါ် မိမိ၏ စိတ်ခံစားချက် ရယူလိုမှု ဖြစ်ပေါ်လိုမှုတို့နှင့် မသက်ဆိုင်ဘဲ သွေဖီ ဖြစ်ပေါ်ခြင်းမျိုးနှင့် ကြုံတွေ့သော အခါများတွင် ...

'လောကကြီး ဘာတွေဖြစ်ကုန်ကြပြီလဲ' 'အို အသင်လောက' 'အသင်လောက' စသဖြင့် တိုင်တည်တတ်ကြပါသည်။ သို့သော်လည်း လောကကြီးဆိုသော အရာကြီး က သူ့ကို ဘယ်တုန်းကမှ စကားပြန်ပြော ခဲ့တာ မဟုတ်ပါဘူး။

ဒါပေမယ့် သူကျေနပ်ဆဲ တိုင်တည်မြဲပါဘဲ။ တစ်ခါတစ်ခါ ကျွန်တော်

တွေးမိတယ်။ လူသားတွေဟာ အဓိပ္ပါယ်မဲ့တဲ့ အလုပ်တွေ အပြုအမူတွေကို အတော်ကို လုပ်ပါလားလို့ပါ။ အဲဒီလို ပုထုဇနော ဉမ္မခကောလို့ခေါ်ရတဲ့ လူသားတွေကို ဓမ္မတရားက ထိန်းကျောင်း ပဲ့ပြင်ပါသတဲ့ 'ဓမ္မ' တကယ်တော့ ဓမ္မဆိုတာ သဘာဝပါ။ ဟုတ်ပါတယ် သဘာဝပါ၊ ဓမ္မ က သဘာဝအတိုင်းပဲ အရှိကို အရှိအတိုင်း ခံစား စေတာပါဘဲ ဓမ္မတရားက သဘာဝကို ဘယ်တုန်းကမှ မလွန်ဆန်နိုင်း ခဲ့ပါဘူး။ လူသားက သဘာဝကို လွန်ဆန်ဖို့ အမြဲ ကြံစည် ကြိုးစား နေကြပါတယ်။ လွန်ဆန်ဖို့ အမြဲလိုလို ဆန္ဒရှိတတ်တယ်။ တကယ်တော့ သဘာဝကို လွန်ဆန်လို့ မရပါဘူး။ မှောင်တာကို လင်းအောင်၊ သေတာကို ရှင်အောင် ဆိုသလို ဘယ်လိုပဲ ကြိုးစားကြိုးစား အားလုံးဟာ မမြဲပါဘူး။ အမြဲမအောင်မြင်နိုင်ဘူး မြဲတာ အောင်မြင်နိုင်တာ ကတော့ သဘာဝပါ။ ဒ့ါကြောင့် သဘာဝကို သဘာဝ အတိုင်းပဲ အရှိကို အရှိအတိုင်း လူသား တွေဟာ လက်ခံတတ်ဖို့ သိပ်အရေး ကြီးပါတယ်။

သဘာဝအတိုင်း အရှိကို အရှိအတိုင်း မခံစားနိုင်သရွေ့တော့ လူသားဟာ ပူလောင် နေရဦးမှာပါဘဲ။ ဒီနေရာမှာ တစ်ခုပြောစရာရှိပါတယ်။ ( မရှိသေး တာ တွေကို ရှိလာအောင်လုပ်တာ မရသေးတာတွေကို ရလာအောင် လုပ်တာဟာ သဘာဝကို လွန်ဆန်တာ မဟုတ်ပါဘူး)။ ဒါပေမယ့် မရှိတာကို ရှိသယောင်ထင် မရတာကို ရသယောင်တွေး ဆိုတာကတော့ ဖြောင့်ဖြောင့် ကြီးကို ဆန့်ကျင်လွန်ဆန် သွားတာပါပဲ။ ဒါတွေကို ဓမ္မတရားက သဘာဝအတိုင်း ပြန်ဖြစ်အောင် ကူညီပါတယ်။ ဒီတော့မှ လောကဓမ္မ

သဘာဝနှင့် လူသား၏ ဆန္ဒတို့သည် မျှတသင့်မြတ် အနေတတ် လာနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အမှန်တရားကို ချစ်တဲ့စိတ်၊ အမှန်တရားဘက်က ရပ်ရဲသော နှလုံးသားဆိုတာတွေနှင့် ဓမ္မတရား အဆုံးအမတွေကို နာခံပြီး သဘာဝအတိုင်း အရှိကိုအရှိအတိုင်း ခံစားသိမြင်နိုင်ဖို့ အရေးကြီးလှပါတယ်။

အမှန်တရားကို ချစ်တဲ့ လူသားအားလုံးသဘာဝကို သဘာဝအတိုင်း အရှိကို အရှိအတိုင်း ခံစားသိမြင်နိုင်ကြပါစေလို့ ဆန္ဒပြု လိုက်ရပေ တော့သတည်း။

## အချစ်နှင့်ကျွန်တော့်အမြင်

''အချစ်'' အချစ်ဆိုတာကို သူတစ်မျိုး ကိုယ်တစ်မျိုးဆိုသလို ခံစားပြီး အချစ်ဆိုတာ ပူလောင်တယ်၊ အချစ်ဆိုတာအေးမြတယ်၊ အချစ်ဆိုတာ အရုပ်ဆိုး အကျည်းတန်မှုတွေကိုကွယ်ပျောက်စေတယ်။

အချစ်ဆိုတာစကားလုံးလှလှလေးတွေနှင့် ဖုံးထားတဲ့ အရုပ်ဆိုး အကျည်း တန်သော ကာမရာဂ လိုလားတောင်းတသော စကားဆိုပြီး ခံစားချက်တွေ အမြင်တွေကို ပြောကြ ဆိုကြ ဖြေကြတာတွေကို မြင်ရကြားရလေတော့ ကျွန်တော်ခံစားမိတာက

''အချစ်ဆိုတာ သရေကွင်းလို ချုံ့လို့ ချဲ့လို့ရတဲ့ အရာမျိုးတစ်ခုလေလား ဒါမှမဟုတ် ရေလိုထည့်ထားတဲ့ ခွက်ပုံစံဖြစ်နေရတဲ့ အရာမျိုးလားလို့ တွေးမိပါတယ်။

ဒေါ်င်းပျိုစာပေ

ဒီလို မရေမရာ ပြောဆိုနေကြတဲ့ အချစ်ဆိုသော အရာတစ်ခုကို ကျွန်တော် စမ်းစစ်ကြည့်မိသောအခါတွင် အချစ်ကို မုန့်ဟင်းခါးတစ်ပွဲလိုပဲလို့ ခံစား မိလာပါတယ်။ ဟုတ်ပါတယ်၊ မုန့်ဟင်းခါးတစ်ပွဲဟာချက်တဲ့လူ စပ်ဟပ် ပြင်ဆင် သူတို့ရဲ့အပေါ်မှာ မူတည်ပြီး စားကောင်းခြင်း စားမကောင်း ခြင်း ဆိုတာတွေ နဲ့ ခံစားရတဲ့ အပူအစပ် အချိုအဆိမ့် အပေါ့အငံ အနံ့ အရသာများ ကွဲပြား သွားနိုင်ပါတယ်။

ဒီလိုကွဲပြားရာမှာ အစပ်ကြိုက်သူက ငြုပ်သီးမှုန့်လေးများမှ စားကောင်း တတ်သလို အစပ်မကြိုက်သူအတွက်တော့ ငြုပ်သီးမှုန့်များခြင်းကို လက်ခံနိုင် မှာ မဟုတ်ပါဘူး သူကတော့ စားမိလျှင်လည်း ပူတယ်လို့ပြောမှာပါပဲ။ သို့ပေ မယ့် စားလို့ကောင်းတဲ့ မုန့်ဟင်းခါးတစ်ပွဲဖြစ်ဖို့ဆိုတာ စောစောကပြောတဲ့ အရသာတွေဖြစ်တဲ့ အချို၊ အချဉ်၊ အဆိမ့်၊ အပူ၊ အစပ်၊ အငံ၊ အခါးဆိုတဲ့ အရသာတွေ ပြည့်စုံအောင် မထည့် မပါဘဲနဲ့လည်း စားကောင်းနိုင်မယ် မဟုတ်ပါဘူး။ (ဥပမာ) မုန့်ဟင်းခါးဟင်းရည်ချက်တဲ့အခါမှာ ပူသော ငြုပ်ကောင်းပါသလိုစပ်သော ငြုပ်သီးလည်း ပါပါတယ်။ ထိုအတူ ချိုသော၊ ဆိမ့်သော ငါးတို့ ပဲတို့နဲ့ ဆား၊ ငံပြာရည် အနံ့၊ချင်းအနံ့၊ နံနံပင်အနံ့ဆိုသော အရာတွေဟာ သင့်တော်ရုံ ပါရှိရပါတယ်။ ဒီနေရာမှာ စပ်သော ငြုပ်သီး များသွားမယ်ဆိုလျှင် စားရတဲ့လူဟာ စပ်မှာပါဘဲ။ ဆားများလျှင် ငံမှာပါ။ အချိုလည်းဒီအတိုင်းပါပဲ။ များလာလျှင် လိုသည်ထက်ပိုလာလျှင် ကောင်းနိုင်မှာ မဟုတ်ပါဘူး။

ဒီတော့ အချစ်မှာ ဘယ်လိုအရာတွေနှင့် ပေါင်းစပ်ထားသလဲ ဆိုတာကို ပြန်ကြည့်ရမယ်ဆိုလျှင် အချစ်ဟုဆိုလိုက်လျှင် တက်မက်ခြင်း၊ မြတ်နိုးခြင်း၊ ဝန်တိုခြင်း၊ သဒ္ဓါခြင်း၊ စေတနာ၊ ဂရုဏာ၊ အကြင်နာ၊ မေတ္တာ၊ သစ္စာဆိုတာတွေ ပါနေတာကို တွေ့ရပါတယ်။ သေသေချာချာ အမှတ်စဉ်တပ်ပြီး ကြည့်လိုက်မည်ဆိုလျှင် (၉)ခုလောက် အနည်းဆုံးပါနေတာကို တွေ့ရပါတယ်။ ဒီအရာတွေထဲမှာတောင် တပ်မက်ခြင်းဆိုသော ခေါင်းစဉ်အောက်မှာပင် သွေးသား ဆန္ဒအရ ကာမစိတ်ဖြင့် တက်မက်ခြင်း၊ သံယောဇဉ်ဖြင့် တွယ်တာတတ်မက်ခြင်း ဆိုတာမျိုးလေးတွေ ကွဲနိုင်ပါသေးတယ်။ အဲဒီလို များပြားလှတဲ့ အမယ်များကို အချိုးကျစွာ ရောစပ်နိုင်ဖို့ မလွယ်ပါဘူး။ သို့သော် ပိုနေသည်ကို လျှော့နိုင်ဖို့နဲ့ လိုနေတာကို ထပ်ဖြည့်နိုင်ဖို့ဆိုတာမှာ တတ်နိုင်ကောင်းသော အရာဖြစ်ပါတယ်။

သို့သော် အဘယ်အရာလိုနေသလဲကို သိဖို့လိုပါတယ်။ သိပြီးလျှင်လည်း သတိနဲ့ လိုသည်ကို ဖြည့်ထည့်၊ ပိုသည်ကိုလျှော့ပေးနိုင်မှသာ ပြည့်စုံတဲ့ ချိုမြိန်တဲ့ အချစ်ကိုခံစားရမှာပါ။

ပြပ်သီးများ၍ပူလျှင်၊ စပ်လျှင် ပြပ်သီးကို လျှော့နိုင်ဖို့ ကြိုးစားရပါလိမ့်မယ်။ အဲဒီလို ကြိုးစားရာမှာ ထည့်ပြီးသွားတဲ့ ပြပ်သီးမှုန့်ကို ပြန်ထုတ်လို့မရလျှင် မုန့်ဖက်ကို ထပ်ဖြည့်ပေးရတယ်၊ ချဉ်သွားလျှင် အငံဖြည့်ပေးရမယ်ဆိုသလိုမျိုး ကျွမ်းကျင်တဲ့ အသိ အတွေးအခေါ်များလည်း လိုမှာဖြစ်ပါတယ်။

ဒီနေရာမှာ များလျှင်မကောင်းတဲ့ အရာတွေဖြစ်တဲ့ ကာမစိတ်၊ ဝန်တိုခြင်း၊ သဒ္ဓါလွန်ခြင်း၊ မြတ်နိုးမှုလွန်ခြင်းဆိုတဲ့ အရာများရှိသလို များများပါမှ များများရှိမှ ကောင်းတဲ့ အရာများကိုလည်း တွေ့ရှိမှာဖြစ်ပါတယ်၊ အဲဒီအရာတွေကတော့ .......

စေတနာ၊ အကြင်နာ၊ ဂရုဏာ၊ မေတ္တာနဲ့ သစ္စာဆိုတာတွေပါ။ ဒါတောင်မှ စေတနာတို့ အကြင်နာတို့ ဂရုဏာတို့ ဆိုတာတွေဟာ လိုတာထက်ပိုပြီး အလွန်များသွားမယ်ဆိုလျှင် ငါးများပြီး ပျစ်ခဲနေတဲ့ မုန့်ဟင်းရည်လို အချိုများပြီး အီလည်လည်ဖြစ်နေတဲ့ မုန့်ဟင်းခါး ဟင်းရည်ပမာ စား၍ကောင်းနိုင်မှာမဟုတ်ပါဘူး။ ဒီလို မုန့်ဟင်းခါးတစ်ပွဲနဲ့တူတဲ့ အချစ်ကို ကျွန်တော်တို့မြန်မာတွေမှာ အစဉ်အလာအရ ပြောရလျှင် အချစ်ကို နှစ်မျိုးခွဲခြား ပြောဆို ကြတာ တွေ့ရပါတယ်။

(၁) (၁၅၀၀)အကြင်လင်မယားအချစ် (သို့) ကာမစိတ်ပါသောအချစ်
(၂) (၅၂၈) မိဘ၊ သားသမီး၊ မောင်နှမအချစ်ဆိုပြီး တွေ့ရပါတယ်။

အနောက်တိုင်းနဲ့ ဆေးသိပ္ပံပညာရှင်များကတော့ အချစ်ကို အောက်ပါအတိုင်း ငါးမျိုးခွဲခြား ပြောဆိုကြတာကိုကို တွေ့ရပါတယ်။

(၁) Sexual Love - လိင်စိတ်ဖြင့် ချစ်သောအချစ် (၁၅၀၀)ဟု ဆိုနိုင်ပါတယ်။

(၂) Kinship Love - သံယောဇဉ် အကြင်နာမေတ္တာဖြင့် ချစ်သော အချစ်(၅၂၈)မေတ္တာဟု ဆိုနိုင် လေသည်။

(၃) Platiomc Love - ဝါသနာတူ၊ ယုံကြည်ချက်တူ၍ ချစ်မြတ်နိုးခြင်း

(၄) Indealistic Love - တိုင်းပြည်/လူမျိုး/ဘာသာဆိုသော အရာများကိုချစ်သောအချစ်

(၅) Sentimemtal Love - အတိဒုက္ခရောက်သူ ဆင်းရဲနွမ်း ပါးသူ ရှုံးနိမ့်သူတို့အပေါ် စာနာသနား ၍ ဂရုဏာဖြင့် ချစ်သော အချစ်ဆို၍ တွေ့ ရှိရလေသည်။

ၚင်းကဲ့သို့ အမည်များ ခွဲ၍ပြရမည်ဆိုလျှင် ကျွန်ုပ်က (၉)မျိုးလောက် ခွဲ၍ ပြချင်သည်။ အဘယ့်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချစ်တွင်

(၁) တက်မက်မှု
(၂) မြတ်နိုးမှု
(၃) ဝန်တိုမှု
(၄) သဒ္ဓါခြင်း
(၅) စေတနာထားခြင်း
(၆) ဂရုဏာ

(၇) အကြင်နာ

(၈) မေတ္တာ

(၉) သစ္စာ ဆိုတာတွေကို ခေါင်းစဉ်တပ်ပြီး ၎င်းတို့ဦးဆောင်၍ ချစ်သော အချစ်ဆို၍ ပြောနိုင်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်ဆိုလိုသည်မှာ ဤကဲ့သို့ မဟုတ်ပေ။ အချစ်ဆိုသော အရာတွင် အုပ်စု ဘယ်လိုပင်ကွဲကွဲ အမျိုးအမည်တွေ ဘယ်လိုပင် ကွဲစေကာမူ အချစ်ဆိုသော အရာတစ်ခုတွင် အဆိုပါ အမယ်(၉)ခုဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုလိုခြင်းဖြစ်လေသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက် အချိုးညီမှသာ ကောင်းမွန်သော အချစ်ဟု ဆိုနိုင်လေသည်။ တစ်ခုခုပိုလျှင် များလျှင် လျော့နည်းနေလျှင်ကား ပြည့်စုံသော အချစ် ကောင်းမွန်သောအချစ် ဖြစ်မလာနိုင်သည်မှာ အမှန်ပင်ဖြစ်လေတော့သည်။

အချုပ်အားဖြင့် ဆိုရလျှင် မည်သူမဆို မိမိတို့ ချစ်ပါသည်ဆိုသော အရာတို့အပေါ် မိမိတို့၏အချစ်သည် အဘယ်သို့သော အချစ်ဖြစ်သည်ကို စမ်းစစ် ကြည့်သင့်လှပေသည်။ မိမိချစ်သူအပေါ် မိမိ မိသားစုအပေါ် မိမိမြို့ရွာ၊ မိမိနိုင်ငံ မိမိလူမျိုးဆိုသော အရာများအား မိမိတို့ ချစ်ပါသည် ဆိုသော သူများ၏ အချစ်များသည် တစ်ဦးနှင့်တစ်ဦး မတူနိုင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် တက်မက်မှုများသော အချစ်နှင့် ချစ်သောသူရှိသလို ဝန်တိုမှုနှင့် ချစ်သော (သို့မဟုတ်) ဝန်တိုမှုများသောအချစ်ဖြင့် ချစ်သောသူ စသဖြင့် မြတ်နိုးမှု စေတနာ၊ ဂရုဏာ၊ သဒ္ဒါဆိုတာတွေ လွန်ကဲသော အချစ်များ

ရှိကြသလို လိုအပ်ချို့တဲ့သော အရာများလည်း ရှိကြမည်ဖြစ်သည်။ ထိုသို့သော လွန်ကဲမှုတို့ကို လျှော့၍ ၎င်းလိုအပ်မှုတို့ကို ပေါင်းစပ်ဖြည့်ထည့်၍ ပြုပြင်နိုင်ကြမည်ဆိုလျှင်ကား

အချစ်သည် တန်ဖိုးအနဂ္ဃထိုက်သော ရတနာတစ်ပါး လူသားအားလုံးအတွက် ဖြစ်နိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ထင်မြင်မိပါတော့သည်။

## မာယာအိမ်နှင့် မိပင့်ကူ

ကျွန်တော်တို့ငယ်ငယ်က အိပ်ရာဝင်ပြီဆိုလျှင် မေမေက အိပ်ရာဝင် ပုံပြင်လေးတွေ ပြောပြလေ့ရှိပါတယ်။ မေမေပြောတဲ့ အိပ်ရာဝင် ပုံပြင်တွေက ဗုဒ္ဓဝင်ပုံပြင်လေးတွေနဲ့ ကြောင်ပါးကြီး မီးတံတိုတို့လို ပုံပြင်လေးတွေပါ။ ဒီပုံပြင်လေးတွေဟာ နားထောင်ရတာများလာတော့ ပုံပြင်လေးတွေမှာ ခပ်ဆင်ဆင်လေးတွေ ဖြစ်လာသလို ခံစားမိလာတယ်။ နားထောင်လို့တော့ မရိုးဘူးပေါ့။ တစ်ခါတလေ မေမေက အလုပ်တွေများလို့ မအားလပ်တဲ့ ညတွေမှာ ဖေဖေက ဒီတာဝန်ကိုဝင်ပြီးယူတတ်ပါတယ်။ ဖေဖေပြောတဲ့ ပုံပြင်တွေက ဆန်းတယ်ဗျ။ ကျွန်တော်တို့ကလေးဘဝတုန်းက ဖေဖေ ပြောနေပြီဆိုရင် အပ်ကျသံတောင် ကြားရမလောက်ပါဘဲ။ ငြိမ်ပြီး နားထောင်ခဲ့

ကြတာပါ။ အဲဒီတုန်းက ဖေဖေပြောခဲ့တဲ့ ပုံပြင်တွေဟာ ကလေးတွေမို့ စိတ်ဝင်စားတာတော့ လုံးဝမဟုတ်ဘူးခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကနေ့ ပြန်ပြီးကြားယောင်မိတဲ့အချိန်မှာလည်း ဆန်းသစ်ပြီး စိတ်ဝင်စားဖွယ်ကောင်း နေသေးတာကို တွေ့ရပါတယ်။

အဲဒီတုန်းက ဖေဖေပြောခဲ့တဲ့ ပုံပြင်လေးတွေက "လော့အိန်ဂျယ်လိဒ်" က ဂိုဏ်းစတားတွေအကြောင်း ရောဝတီ မြစ်ဝကျွန်းပေါ်ဘက် ရေချိုရေငံ စပ်နေရာတွေမှာ နေတတ်တဲ့ မိကျောင်းတွေနဲ့ ဓါးမြောင်ကို ပါးစပ်မှာ ကိုက်ပြီး ကြိုးတိုတစ်ချောင်းနဲ့ ရေထဲမှာ လုံးထွေးပြီး မိကျောင်းကို အမိဖမ်းနိုင်တဲ့ လူတွေအကြောင်း၊ နောက်ရေချိုမြစ်ကိုဆန်တက်ပြီး မြစ်ညာမှာ သားပေါက်လေ့ ရှိတဲ့ ငါးတန်အုပ်ကြီးတွေအကြောင်းတို့ပေါ့။

အဲဒီလို ဖေဖေ ပြောတဲ့ ပုံပြင်တွေထဲမှာ ဒီကနေ့ ကျွန်တော်ခေါင်းစဉ် ပေးထားတဲ့ ပင့်ကူ အကြောင်းလည်းပါတယ်ခင်ဗျာ။

တစ်နေ့မှာ ကျွန်တော်တို့ ပုံပြင်နားထောင်ဖို့ ထိုင်နေတုန်း ခနိမိုးထားတဲ့ အိမ်ခေါင်မိုးပေါ်က ပင့်ကူကြီးတစ်ကောင်ကျလာတယ်။ အောက်ရောက်တော့ ပင့်ကူက ဘယ်မှ မသွားနိုင်တော့ဘူး။ ခန္ဓာကိုယ်မှာလည်း ဒဏ်ရာတွေနဲ့ သေအံ့မူးမူးဖြစ်နေတယ်၊ ဖေဖေက အဲဒီပင့်ကူကိုကြည့်ပြီး "ဒီပင့်ကူအဖိုကွ" လို့ပြောပါတယ်၊ ပြီးတော့ ခေါင်မိုးပေါ်ကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးပြီးပြတယ်၊ အပေါ်မှာ ပင့်ကူတစ်ကောင်က ရှိနေတယ်၊ "အဲဒီပင့်ကူမ" လို့ ဆိုပြန်ရော။

ဒီတော့ ကျွန်တော်တို့က ဟုတ်လို့လားလို့ မေးမိတယ်။ အဲဒီတော့မှ ဖေဖေက ဒီလိုကွလို့ ဆိုပြီး ဇာတ်လမ်းကို စပြောပါတော့တယ်။

“ဒီပင့်ကူနှစ်ကောင်ဟာ စောစောက မိတ်လိုက်နေကြတာပေါ့၊ ပင့်ကူ ပွေမှာ မိတ်လိုက်တော့မယ်ဆိုရင် ပင့်ကူအဖိုက ပင့်ကူအမနားကို တဖြည်း ဖြည်း ကပ်လာတယ်ကွဲ့၊ အနားကို ရောက်တော့ ငြိမ်ပြီး ပင့်ကူမကို ကြည့်နေတယ်။ အဲဒီမှာ ပင့်ကူမက ကြောက်သလို လန့်သလို တစ်ချက် လုပ်လိုက်တယ်၊ ပြီးရင် ပင့်ကူမက သူ့အလှတွေနဲ့ အမျိုးမျိုး ကစားပြတတ် တာကိုကွ၊ ပင့်ကူအဖိုက ကြည့်နေရင်းက မိတ်လိုက်ချင်တဲ့စိတ်တွေဟာ ဆထက်ထပ်ပိုး ပေါက်ဖွားလာပြီး ပင့်ကူမရဲ့အနီးကို အတင်းပြေးဝင်သွား ပါလေရော၊ ပင့်ကူထီးက သူ့နားကို ပြေးဝင်လာပြီဆိုတာနဲ့ ပင့်ကူမက ပြေးပါလေရော။ ဒါပေမယ့် သူက လွတ်အောင်ပြေးတာမျိုး မဟုတ်ဘူးကွ၊ ပင့်ကူထီးကို စောင့်လိုက် ဟိုဘက်လှည့်ပြေးလိုက် ဒီဘက်လှည့်ပြေး လိုက်ပေါ့ကွာ၊ သူက ဘယ်လိုမျိုးလဲဆိုတော့ ပင့်ကူထီးကို မလွတ်မကင်းလေး တွေလုပ်ပြီးမြူဆွယ် ကစားနေတာကွ၊ အဲဒီလို ပြေးရင်းလိုက်ရင်းနဲ့ တစ်ချိန်မှာ ပင့်ကူမဟာ ငြိမ်နေမိပြီး ပင့်ကူထီးက မိတ်လိုက်ပါလေရော၊ မိတ်လိုက်နေတဲ့ အချိန်မှာ ပင့်ကူမဟာ ငြိမ်ပြီးနေတယ်၊ ပင့်ကူထီးကတော့ လှုပ်လှုပ်ရှရှနဲ့ ပေါ့ကွာ၊ နည်းနည်းကြာတော့ ပင့်ကူထီးဟာ ငြိမ်သွားတယ်၊ ငြိမ်သွားတဲ့ အချိန်မှာ သူ့ခန္ဓာကိုယ်ထဲက သုတ်မျိုးရည်တွေဟာ ပင့်ကူမကြီးရဲ့ ခန္ဓာကိုယ်ဆီကို စီးဝင်သွားတယ်လေ၊ အဲဒီအချိန်မှာ ပင့်ကူမဟာ

လှုပ်ရှားလာတယ်၊ သူက တဖြည်းဖြည်း ဒေါသတွေ ထွက်လာသလိုပဲ၊ မြန်မြန်ဆန်ဆန် လှုပ်ရှားလာတယ်၊ ပြီးတော့ သူက ငြိမ်နေတဲ့ ပင့်ကူထီးဆီကို ပြေးဝင်ပြီး ကိုက်ပါလေရော၊ ပင့်ကူထီးတွေဟာ ဒီလိုအချိန်မှာ ဘာမှ ပြန်မလုပ်ဘဲ ငြိမ်နေတယ်လေ၊ ဒေါသူပုန်ထနေတဲ့ ပင့်ကူမဟာ အားရအောင် ပင့်ကူအဖိုကို ကိုက်လိုက်တဲ့အခါမှာ ပင့်ကူဖိုဟာ မေ့မျောပြီး သေအံ့မူးမူး ဝေဒနာကို ခံစားရပြီး အောက်ကိုကျလာတယ်လေ၊ အေး အဲဒီအချိန်မှာ ပင့်ကူမဟာ သူ့လက်လေးတွေကို သန့်ရှင်းရေးလုပ်ပြီး ဟိုယပ်ဒီယပ်နဲ့ သူနေကျနေရာကို ပြန်သွားပါလေရော။

ကဲ ဒီတော့ သားတို့ မှတ်ထားရမှာက ဘာလဲသိလား၊ ပင့်ကူမဟာ မိတ်လိုက်ပြီဆိုရင် အဲဒီလိုပဲ၊ ပင့်ကူဖိုကို ကိုက်သတ်တတ်တယ်ဆိုတာရယ် လောကမှာ လူ့လောကမှာ အဲဒီပင့်ကူမလို မိန်းမမျိုးတွေ ရှိတတ်တယ် ဆိုတာကို သိထားရမယ်ကွဲ့ အေး .. လူပင့်ကူမပေါ့ကွာ။ မင်းတို့ ကြီးလာတဲ့အခါ အဲဒီပင့်ကူမလို တချို့ မိန်းကလေးတွေဟာ သူတို့ရဲ့ အလှမာယာတွေနဲ့ ယစ်မူးစေပြီးတော့ မင်းတို့ရဲ့ ငွေကြေး စီးပွားတွေနဲ့ ဘဝကို ကိုက်ဖဲ့တာကို မခံရအောင် သတိထားပြီးရှောင်ရမယ်နော် .. သိရဲ့လား"။

ငယ်ငယ်ကဖေဖေပြောတဲ့ ပုံပြင်ဟာ နားထောင်ကောင်းခဲ့သလို ယခုအသက်ကြီးလာတော့လည်း တကယ်တန်ဖိုးရှိတဲ့ ဆုံးမခြင်းပါပဲလို့ ကျေးဇူးတင်မိတယ်။

ဒါကတော့ ငယ်ငယ်က ကြားနာခဲ့ရတဲ့ မာယာအိမ်နှင့် မိပင့်ကူပေါ့၊ အခုရေးပြမဲ့ ဇာတ်လမ်းလေးကတော့ ကြီးမှ သိခဲ့ကြားခဲ့ရတဲ့ မာယာအိမ်နှင့် မိပင့်ကူပေါ့ခင်ဗျာ...။

- မာယာနဲ့ လှည့်စား
  မာယာနဲ့ရစ်နှောင်
  မာယာတွေနဲ့ ယစ်မူးကာမှ
  အချစ်ဦးကတစ်ဘက်နေ
  တစ်သက်လေစိမ်းပြီတဲ့ .....
- အရှုံးတကာ အရှုံးတွေမှာတော့
  အချစ်ရှုံးကပို၍နာ
  သူမတည် စိမ်းကားလို့
  ယွင်းမှားခဲ့တာ ဖိုးကုလားနဲ့ပါ။

ကျွန်တော်တစ်နေ့ နေ့လယ်ဘက် ပျင်းပျင်းရှိတာနဲ့ လမ်းဒေါင့်က လ္ဘက်ရည်ဆိုင်သို့ ထွက်အလာ ဆိုင်ရဲ့ တောင့်တစ်နေရာမှာ ခဲတံတိုနဲ့ စာဆိုနေတဲ့ ကျွန်တော်တို့ရပ်ကွက်ထဲက အောင်အောင်ဆိုတဲ့ ကျွန်တော့် အပေါင်းအသင်းတစ်ယောက်ကို တွေ့ပါတယ်။ သူက အဲဒီလိုမျိုး ကဗျာမမည် စာမမည်လေးတွေ ရေးရေးနေတတ်ပါတယ်။

ကျွန်တော်က သူ့အကြောင်းကို ကောင်းကောင်းသိနှင့်ပါတယ်။ သူဒီလို စာမျိုးလေးတွေ ရေးပြီဆိုလျှင် သူ့တွင် လွမ်းစရာဇာတ်လမ်းတစ်ခု ဒါမှမဟုတ်

ခံစားမှုကို ဖြစ်ပေါ်စေတဲ့ အကြောင်းအရာကောင်း တစ်ခုရှိတာကို သိ၍

"ကိုအောင် ခင်ဗျားရေးတဲ့စာကလည်းဗျာ မာယာတွေ ယစ်နှောင် ယစ်မူးပြီးမှ အချစ်ကဘယ့်နှယ့် ကုလားနဲ့မှ မှားရသလားဗျာ" ..လို့ ဇာတ်လမ်းစပေးလိုက်တာနဲ့ ကိုအောင်က သောက်လက်စရေနွေး ပန်းကန်ကို ချလိုက်ပြီး

"ဟုတ်တယ် ကိုလွှမ်းနောင် ကျွန်တော်ကိုးတန်း ဆယ်တန်းလောက်မှာ ဒီရပ်ကွက်ထဲမှာ ကျွန်တော်နဲ့ ခင်တဲ့သူငယ်ချင်း(၂)ယောက် ရှိတယ်ဗျာ ... တစ်ယောက်က မင်းဆွေတဲ့ တစ်ယောက်က ဇော်ထွန်းပေါ့ ကျွန်တော်တို့က ဆယ်တန်းရောက်မှ ရည်းစားထားကြတာ မင်းဆွေက သီတာဆိုတဲ့ ကောင်မလေးနဲ့ တွဲနေခဲ့တယ်။ ဒါပေမယ့် သူ့တွဲပုံကတစ်မျိုး မထိရက်မကိုင်ရက်ပဲပြောရမလား မသိပါဘူး .. ကျွန်တော်တို့ ကျောင်းလစ်ပြီး ရုပ်ရှင်သွားကြည့်တတ်တယ်။ အဲဒီလို အခါမျိုးမှာ ကျွန်တော်တို့ အတွဲကောင်မလေးတွေလဲပါတာပေါ့။ မင်းဆွေနဲ့ သီတာလည်းပါတယ်။ ကျွန်တော်တို့က ရုပ်ရှင်ရုံထဲရောက်ရင် မိန်းကလေးတွေကို ဖက်မယ်၊ နမ်းမယ်၊ ပွေ့မယ် ဖက်မယ်ပေါ့ဗျာ။ သူက အဲဒီလို မဟုတ်ဘူး၊ သီတာ လက်လေးကိုင်ပြီး ရုပ်ရှင်ပြီးအောင်ကြည့်တယ်။ အများဆုံးနဖူးလေး နမ်းရုံလောက်ပဲ။

သီတာဆိုတာကလည်း ခပ်ချောချော အသားဖြူဖြူ လုံးကြီးပေါက်လှ လေးဗျ၊ တစ်နေ့ ကျွန်တော်တို့ သုံးယောက်တွေ့တော့ ဇော်ထွန်းက မင်းဆွေကို မေးပါလေရော ...

"မင်းဆွေ မင်း သီတာကို တကယ်ချစ်ရဲ့လား"မင်းဆွေက ဇော်ထွန်းကို တစ်ချက်ကြည့်လိုက်ပြီး "ဘာဖြစ်လို့မေးတာလဲ" ... "မင်းတို့နှစ်ယောက် ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေသလိုပဲ၊ ဖက်လည်းတကင်းလည်း မရှိကြဘူး ပြောရရင်ကွာ ရုပ်ရှင်ရုံထဲမှာတောင် ငါကြည့်ကြည့်နေတယ် မင်းတို့က ငါတို့ အတွဲတွေနဲ့ မတူဘူး။ "

မင်းဆွေ ခေါင်းလေးငြိမ့်လိုက်ပြီး "ဟုတ်တယ်ကွ ငါကသူ့ကို အရမ်းချစ်တာလေ၊ သူ့အနားမှာ နေရရင်ပျော်တယ်ကွာ။ သူလိုချင်တာ သူလိုအပ်တာလေးတွေကို ဖြည့်ဆည်းပေးချင်တယ်ကွာ။ နောက်ပြီး သီတာက ငါ့ကိုချစ်တယ်လို့ ခဏခဏပြောတယ်၊ သူလည်းငါ့ကို တကယ် ချစ်တာပါကွာ၊ သီတာက သူ့ကို တကယ်ချစ်တယ်ဆိုရင် ဖက်လားရမ်းလား မလုပ်ပါနဲ့လို့ ငါ့ကို တစ်ခါကပြောဖူးတယ်ကွ..."။

ဇော်ထွန်းက မျက်နှာကိုမဲ့လိုက်ပြီး "ဒါဆို မင်းက အလှကြည့်ဖို့သက်သက် ချစ်ခဲ့တာပေ့ါ"

မင်းဆွေက မျက်မှောက်ကုတ်လိုက်ပြီး "အဲဒီလိုတော့ မဟုတ်ဘူးလေ၊ ငါတို့နှစ်ယောက် လက်ထပ်ကြမယ်၊ ပြီးရင် ဒို့နှစ်ယောက်ဘဝကို ရင်ဆိုင်

လျှောက်လှမ်းကြမှာပေါ့။" အဲဒီမှာ ကျွန်တော်က ဇော်ထွန်းကို ပြောမနေပါနဲ့ တော့ကွာ ဆိုတဲ့ပုံစံနဲ့ ..

"တော်တော့ ဇော်ထွန်း မင်းဆက်ပြောရင် ဒီကောင်ဆီက အချစ်စစ် အချစ်မှန်တို့ မြတ်နိုးတန်ဘိုးထားတာတို့ ဆိုတဲ့ စကားကြီး စကားကျယ်တွေ ကြားရလိမ့်ဦးမယ်။" လို့ ပြောလိုက်တော့

မင်းဆွေက ပြုံးရင်း "ဟုတ်တယ်လေ ဒါအမှန်ပဲလို့" ပြောပြီး ပြန်ကြရ အောင်လို့ နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါတယ်။

ဆယ်တန်းအောင်စာရင်းတွေထွက်တော့ ကျွန်တော်ရယ် မင်းဆွေရယ် သီတာရယ်အောင်ပြီး ဇော်ထွန်းနဲ့ ကျန်မိန်းကလေးတွေ ကျတယ်။ ဇော်ထွန်းက အလုပ်ပဲလုပ်တော့မယ်ဆိုပြီး ဆီစက် ထဲမှာ အလုပ်ဝင်လုပ်သွား တယ်။

ဒီလိုနဲ့ ကျွန်တော်တို့ မတွေ့တာ တစ်လလောက်ကြာတော့ ဇော်ထွန်း ကျွန်တော့်အိမ်ကို တစ်နေ့ ရောက်ချလာတယ်။

"အောင်ကြီးရေ မင်းဆွေတော့ ဒုက္ခပဲကွာ ငိုလိုက် ရယ်လိုက်ဖြစ်နေ တယ်။" "ဟေ ဘာဖြစ်လို့လဲကွ" "ဘာဖြစ်ရမှာလည်း သီတာမလေ ငါတို့ ဆီစက်ထဲက ညစောင့်ကုလားနဲ့ လိုက်ပြေးသွားတယ်လေကွာ"

"ဟာကွာ ဘယ်လိုတွေဖြစ်ကုန်တာလလဲ" ဇော်ထွန်းက ခေါင်းကိုကုတ် ရင်း "မပြောတတ်ပါဘူး အောင်ကြီးရာ လာကွာ ငါတို့ မင်းဆွေဆီကို သွားရအောင်။ "

ပြောပြောဆိုဆို ကျွန်တော်လည်း ဇော်ထွန်းနဲ့ လိုက်လာခဲ့မိပါတယ်။

မင်းဆွေတို့အိမ်ရောက်တော့ မင်းဆွေကို သူ့အခန်းထဲက ကုတင်ပေါ်မှာ ထိုင်နေတာ တွေ့ရပါတယ်။ ငိုထားတဲ့မျက်လုံးတွေနဲ့ ကုတင်ခြေရင်းဘက်မှာ ရှိတဲ့ မှန်ကွဲစတွေ ဓါတ်ပုံအပိုင်းအစတွေကို ကြည့်နေတယ်။

ကျွန်တော်တို့ကိုမြင်တော့ တစ်ချက် မဲ့ပြုံးပြုံးလိုက်ပြီး "တောက် ကြည့်စမ်းပါဦးကွာ ဒီမိန်းမ လုပ်ရက်လိုက်တာ လွန်ခဲ့တဲ့သုံးလေးရက်ကမှ ငါနဲ့တွေ့သေးတယ်ကွာ ငါ့ကိုပြုံးပြုံးရယ်ရယ်နဲ့ စကားတွေ ပြောနေပြီးတော့ အခုတော့ ဒီကုလားနဲ့မှ လိုက်ပြေးရတယ်လို့ကွာ "

ကျွန်တော်လည်း သူစိတ်ပြေအောင် ကဲပါသူငယ်ချင်းရယ်သူက မင်းထက်ချစ်လို့ ခိုးရာတောင် လိုက်သွားပြီပဲကွ"

မင်းဆွေက ဒေါသတကြီးနှင့် "ဘာဖြစ်လို့ ငါ့ထက်ချစ်ရမှာလဲကွ ဒီကုလား အသားကလည်းမဲသေး ရုပ်ကလည်းဆိုးသေး ဒီဟာကြီးကိုများကွာ ငါ့ကိုထားခဲ့ပြီး တောက် တော်တော်သစ္စာမဲ့တဲ့မိန်းမ" သူက ငိုသံပါနဲ့ ပြောရင်း တောက်ခေါက်နေပါတယ်။

ကျွန်တော်တို့လည်း ခံစားရတာ မသက်သာတာနှင့် မြန်မြန်ပဲ နှုတ်ဆက်ပြီး သူ့အခန်းထဲက ထွက်ခဲ့ကြတယ်။ အိမ်ရှေ့ခန်းရောက်တော့ မင်းဆွေ အမေနဲ့ တွေ့တယ်လေ။ "အဒေါ် ကျွန်တော်တို့ ဘာလုပ်ပေးရင်ကောင်းမလဲ လို့" ဇော်ထွန်းက သွားမေးတော့ သူ့အမေက ခပ်အေးအေးပဲဗျ။ "နည်းနည်း ကြာရင် မေ့သွားမှာပါသားရယ်" လို့ ပြောလိုက်တယ်လေ။ "ဪ ဒါဆို

ကိုမင်းဆွေ အမေက ခပ်ပေါ့ပေါ့ပဲ သဘောထားတာပေါ့နော်။” “ဟုတ်တယ် ကိုလွမ်းနောင် အဲဒီတုန်းက ကျွန်တော်တောင်တွေးမိသေးတယ် မိန်းမတွေရဲ့ စိတ်ထဲမှာ ယောက်ကျားတစ်ယောက်ရဲ့ အချစ်ဝေဒနာ စိတ်ဒဏ်ရာဟာ နည်းနည်းကြာရင် ပျောက်သွားမယ်လို့ပဲ ယူဆထားကြတာကိုလို့ ထင်မိတယ် လေ။

ထိုသို့ပြောရင်း ရေနွေးပန်းကန်လုံးထဲက အေးနေတဲ့ ရေနွေးကို လှမ်းယူပြီး သောက်လိုက်သည် ပြီးမှ ကိုအောင်ကြီးက အဝေးတစ်နေရာ ကိုကြည့်ရင်း “ထင်မိတယ်လို့ ပြောရတာ နောက်ပိုင်းမှာ တကယ်မဟုတ် ဘူးလို့ ကျွန်တော်သိလာရလို့ပဲ ကိုလွမ်းနောင် ” ကျွန်တော်လည်း စိတ် ဝင်စားသွားတာနဲ့ “ဆိုစမ်းပါဦး ကိုအောင်ကြီးရ ခင်ဗျားပြောပုံအရဆိုရင် ကိုမင်းဆွေရဲ့ ဇာတ်လမ်းက အခုမှ ဇာတ်ဝင်ခန်း ရောက်မယ်နဲ့တူတယ်။”

ဟုတ်တယ်ကိုလွမ်းနောင် ဒီလိုသူအသည်းကွဲပြီး တစ်ပတ်လောက် ကြာတော့ ကျွန်တော့်အိမ်ကို သူရောက်လာတယ်၊ ဖီးလို့ လိမ်းလို့ ရယ်ရယ်မောမော ဖြစ်နေတာ တွေ့ရတယ်လေ။ ကျွန်တော်လည်းဝမ်းသာ သွားတယ်။ သူက ကျွန်တော်ကို ပြုံးရွှင်စွာနဲ့ “အောင်ကြီးရေ ငါ့ကို အကူအညီတစ်ခုလောက်ပေးစမ်းပါ လို့ ပြောလာတယ်။” “ပြောမှာသာ ပြောစမ်းပါကွာ ငါဘာလုပ်ပေးရမလဲ” “ငါ မိန်းမလက်ကိုင်အိတ် လှလှ ကောင်းကောင်းလေး လိုချင်လို့ကွ လိုက်ဝယ်ပေးစမ်းပါကွာ”

ရုတ်တရက် ကျွန်တော် အံ့ညြသွားတယ်။ ပြီးမှ သူ့မျက်နှာကို သေသေချာချာကြည့်ပြီး မေးလိုက်တယ်။

"မင်းဘယ်သူ့ကို ပေးမလို့လဲ"

"ငါကောင်မလေးတစ်ယောက်ကို ပေးမလို့" ကျွန်တော်တို့ သူငယ်ချင်းတွေဆိုတာက ပွင့်ပွင့်လင်းလင်းပြောနေကြဆိုတော့ ကျွန်တော်လည်း အားမနာတမ်း ထပ်မေးလိုက်တယ်။

"ငါ့ကိုသေသေချာချာပြောစမ်းပါကွာ ဘာရည်ရွယ်ချက်နဲ့ ဘယ်သူ့ကို ဘယ်လိုပေးမှာလဲ" မင်းဆွေက မကျေမနပ်နဲ့ ကျွန်တော့်ကို တစ်ချက်အော်ပြီး သူ့ရည်ရွယ်ချက်ကို ပြောလေတော့တယ်။

"ဟာကွာ အောင်ကြီး မင်းတော်တော်ရစ်တာပါလားကွာ ငါ ရှေ့လမ်းထဲက ဇာဇာနိုင်ဆိုတဲ့ ကောင်မလေးကို ပေးမလို့ သူက ငါ့ကို သဘောကျနေပုံရှိတယ်။ ငါကသစ္စာရှင်ကြီးလုပ်ပြီး မသိလေဟန်နေခဲ့တာ။ အခုတော့ ငါလွတ်လပ်သွားပြီလေ။ ဒါကြောင့် သူကြိုက်တဲ့ လက်ဆောင်လေးတွေပေးမယ် ပြီးရင် ချစ်ရေးဆိုမယ်။"

"ကျွန်တော်သိလိုက်ပါတယ်။ မင်းဆွေဟာ သူ့ရင်ထဲက အသည်းကွဲဝေဒနာကို ကုဖို့ သူချစ်သူနေရာမှာ အစားထိုးဖို့ ကြိုးစားတယ်ဆိုတာကိုပေါ့။ ဘာပဲဖြစ်ဖြစ်လေ သူစိတ်ချမ်းသာပြီး မေ့မေ့ပျောက်ပျောက်နှင့် လန်းလန်းဆန်းဆန်း ရှိနေရင် ပြီးတာပါပဲလေဆိုပြီး ကျွန်တော်သူ့ကို လိုက်ကူညီပေးလိုက် မိတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်သူ့ကို ကူညီမိတာ

မှားသွားတယ်ဆိုတာကို နောက်(၂)နှစ်လောက်ကြာမှ ကျွန်တော် သေသေချာချာ သိလိုက်ရတယ်လေ။" လှတ်ရည်ကုန်သွားပြီဖြစ်တဲ့ ခွက်ထဲကို ရေနွေးထည့်လိုက်ရင်းမှ သူ့စကားကို ထောက်ပေးလိုက်တယ်။ "(၂)နှစ်တောင်ကြာမှ ဘယ်လို မှားမှန်း သိရတာတုန်းဗျ၊ ပြောစမ်းပါဦး။" ကိုအောင်ကြီးက ပြုံးလိုက်ပြီး "ပြောပါမယ် ကိုလွမ်းနောင်ရာ ဒါပေမယ့် ရေနွေးလေးတစ်ခွက်လောက်တော့ သောက်ပါရစေဦး" လို့ ဆိုလိုက်သည်။ အလိုက်မသိတဲ့ ကိုယ်ကိုကိုယ် အပြစ်တင်လိုက်မိပြီး ကိုအောင်ကြီးရှေ့မှ ရေနွေးခွက်ထဲ ရေနွေးထည့်ပေး လိုက်တယ်။ ကိုအောင်ကြီးက ရေနွေးကို အရသာခံသောက်လိုက်ပြီးမှ "မှားပြီလား ကိုလွမ်းနောင်ရာ အမှားကို ကိုယ်တိုင် မကျူးလွန်ပေမဲ့ ချစ်သူအပေါ် သစ္စာရှိတဲ့မင်းဆွေ၊ လောကကိုချစ်တတ်တဲ့ အချစ်ကို တန်ဖိုးထားတဲ့ သူတော်ကောင်းမင်းဆွေ တစ်ယောက် သစ္စာမဲ့တတ်တဲ့ အကျင့်စာရိတ္တ မကောင်းတဲ့ အချစ်ကို တန်ဖိုးမထားတတ်တဲ့ လူယုတ်မာတစ်ယောက် ဖြစ်သွားတာကို ကျွန်တော် မထားနိုင်ခဲ့ဘူးလေ။ ဒါတင်ဘယ် ဟုတ်မလဲ အားပေးကူညီမိသေးတယ်လေ။"

"ဟာ ကိုအောင်ကြီး ခင်ဗျားဇာတ်လမ်းက နည်းနည်းရှုပ်သွားပြီဗျ ရှင်းစမ်းပါဦးဗျာ"

"ရှင်းပါ့မယ်ဗျာ" ဟုဆိုကာ ကျွန်တော်အသင့်ထည့်ထားပေးတဲ့ ရေနွေး တစ်ခွက်ကို သောက်လိုက်ပြီးမှ ကိုအောင်ကြီးက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့စကားကို ဆက်လိုက်တယ်။ "ရှင်းပါ့မယ်ဗျာ၊

ရှင်းမှုလည်း ပြည့်စုံမယ်လေ" ကျွန်တော်လည်း စိတ်မရှည်တာနဲ့ "ရှင်းမှာ ဖြင့်လည်း ရှင်းပါဗျာ၊ ခင်ဗျားဟာက ခြေဆင်းတွေက သိပ်များတာကိုးဗျ" ဟု ပြောလိုက်ပါတယ်၊ ကိုအောင်ကြီးက ရယ်လိုက်ရင်း သူ့စကားကို ဆက်ပြော လိုက်လေတော့တယ်၊ မင်းဆွေနဲ့ ဇာဇာနိုင်တို့ တစ်လလောက် အတွင်းမှာပဲ တွဲသွားတွဲလာဖြစ်လာတာကို တွေ့ရတယ်လေ။ သိပ်မကြာ ပါဘူး မင်းဆွေနဲ့ ဇာဇာနိုင်တို့ ရုပ်ရှင်ရုံတင် မဟုတ်တော့ဘဲ တည်းခိုခန်းတို့ ဘာတို့မှာပါ တွေ့လာရတော့တယ်ဗျာ။ တကယ်ပါဘဲ မရဲမရဲနဲ့ ရဲမဲ့ရဲတော့ မီးပါတောက်တယ် ဆိုတဲ့ကောင်ပဲ။ အဲ သိပ်မကြာလိုက်ပါဘူး ဇာဇာနိုင် ကိုထားခဲ့ပြီးနောက် တစ်ယောက်နဲ့ တွဲပြန်ရောဗျာ၊ ဇာဇာနိုင်တစ်ယောက် ကျွန်တော့်ဆီလာပြီး ရင်ဖွင့်ရှာတယ်။ သူ့ဘဝတော့ ပျက်ပါပြီတဲ့ သူဒီတစ်သက် လင်ကောင်း သားကောင်း ရတော့မှာ မဟုတ်ဘူးဆိုပြီး ငိုရှာတယ်ဗျာ။ သိပ်မကြာပါဘူး မင်းဆွေတို့ကတော့ စီးပွားရေးကလည်း မိဘအခြေခံက ကောင်းနေတော့ (၂)နှစ်လောက်မှာပဲ နောက်တစ်ယောက် နောက် တစ်ယောက်တွေ ဘယ်လောက် ထပ်သွားတယ် မသိတော့ဘဲ အခုတော့ (အေ)ကိုက်တဲ့ဘဝကို ရောက်ပြီး ဆုံးရတယ်လေ။"

ကိုအောင်ကြီးစကားဆုံးတော့ ကျွန်တော့်ဆီမှ အာမေဋိတ်သံ ထွက်ပေါ်လာပါတော့တယ်။

"ဟာ... သွားပြီ" ကိုအောင်ကြီးက သူ့စကားကိုဆက်လိုက်တယ်။

"အဲဒါပါပဲ ကိုလွမ်းနောင် ကျွန်တော်ရလိုက်တဲ့ နောင်တက ကြီးမားပါ

တယ်၊ သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားတယ်။ ပြီးတော့ ရိုသားဖြူစင်တဲ့ အမျိုးသမီးငယ်လေးတွေရဲ့ ဘဝတွေ ပန်းကောင်းအညွန့်ကျိုး စတေးခံခဲ့ရတယ်ဗျာ။ ဒီဖြစ်ရပ်တွေကို ကျွန်တော် မတားစီးနိုင်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်မှားမှန်း သိလိုက်ရတယ်လို့ ပြောတာပေါ့ဗျာ။”

ကိုအောင်ကြီးရဲ့စကားတွေကို နားထောင်ပြီး အိမ်ပြန်လာခဲ့တဲ့ ကျွန်တော့်ခေါင်းထဲမှာ အတွေးတွေ မေးခွန်းတွေ တသီတစ်တန်းကြီး ပါလာခဲ့ပါတယ်။ ငယ်ငယ်က ဖေဖေပြောခဲ့ဖူးတဲ့ ပင့်ကူပုံပြင်လေးကလည်း ခေါင်းထဲကို ရောက်လာတယ်ပေါ့။

သိတာဆိုတဲ့ ပင့်ကူမလေးက မင်းဆွေဆိုတဲ့ပင့်ကူဖိုလေးကို မာယာအိမ်မှာ ရစ်ပတ်နှောင်တုပ်ပြီး မင်းဆွေရဲ့ဘဝ မင်းဆွေရဲ့ အချစ်တွေ မေတ္တာတွေ သစ္စာတွေ အားလုံးကို ချိုးဖဲ့ ဖျက်ဆီးပြစ်လိုက်ခြင်းပေလော။

သို့မဟုတ် အရူးအမူး ချစ်ခဲ့မိသူ မင်းဆွေရဲ့ အပြစ်ပေလော၊ ဒါမှမဟုတ် ထိန်းသိမ်းပေးမယ့် မိဘ၊ ဆရာနဲ့ သူငယ်ချင်း ကိုအောင်ကြီးတို့ရဲ့ အပြစ်ပေလော။

အဘယ်သို့ပင် ဆိုစေကာမူ ဤဇာတ်လမ်းတွင် အကျိုးမဲ့ ထိခိုက်နစ်နာသူတွေ ဖြစ်ပေါ်လာအောင် လုပ်ဆောင်သူကား မင်းဆွေပါလို့ ပြော၍ရနိုင်ပါ့မလား၊ မင်းဆွေလည်း ဘဝအသက်ကိုပါ ပေးသွားခဲ့တယ်။

အချုပ်အားဖြင့်ဆိုရရင် ယနေ့ခေတ်တွင်လည်း မာယာအိမ် လှလှလေးတွေနဲ့ မြူဆွယ်ကာ ဖမ်းစားတတ်လေတဲ့ မိပင့်ကူရဲ့ မာယာ အိမ်ကို

ပန်းမှတ်လို့ခိုဝင် မပျံနိုင် ဘဝဆုံးရတဲ့ ပန်းချစ်သူ ကိုပျားပိတုန်းတွေ ဘယ်လောက်များနေကြပြီလဲ၊ အဲဒီ့ပင့်ကူအိမ်က အပျံတတ်စေဖို့ အခံတတ်စေဖို့ ပုရိသဆိုတဲ့ ယောကျ်ားများအနေနဲ့ ဘယ်လိုအချစ်မျိုးနဲ့ ချစ်ကြရမည်ကို လေ့လာသင့်သလို အပြစ်ဖွဲ့မှု လက်စားချေမှု ဆိုတာဟာ ကောင်းကျိုး မပေးနိုင်တာကို နားလည်သင့်ပေတယ်။

မိန်းမများအနေနဲ့လည်း ရင်မှာဒဏ်ရာ ဝေဒနာနဲ့ ဒီပျားပိတုန်း စိတ်ရိုင်းဖုံးကာ ပန်းလှလှကို သူမည္ဘာ ဝတ်ရည်သောက်သုံး ကြွေမွပြုန်းမှ ထွက်ခွာသွားရင်တော့ မိန်းမကောင်းတို့ရဲ့ ဘဝသည်လည်း လွန်စွာ နစ်နာရမှာ အမှန်ပင် ဖြစ်ပါတယ်။

ယောကျ်ားတစ်ယောက်ရဲ့ စိတ်ခံစားချက် ဝေဒနာကို ဖြစ်ပေါ်စေအောင် မပြုသင့်တာ အမှန်ပင် ဖြစ်လေတော့တယ်။

(ရင်မှဝေဒနာအပေါင်း ပျောက်ကင်းနိုင်ကြပါစေ)

## "ကျမ်းကိုး"

၁။ ဏ္ဍာသယ ဆယ်စောင်တွဲ

၂။ သုခမှတ်စု (သုခ)

၃။ မိန်းမစိတ်ကျမ်း (ပီမိုးနင်း)

၄။ အချစ် သျှတ္တရ (ပီမိုးနင်း)

၅။ အာဂလူ (ပီမိုးနင်း)

၆။ ဖြစ်ချင်တာဖြစ်မောင်ဘချစ် (မင်းသိခ်)

၇။ လူပျိုပေါက် အပျိုပေါက် (ဒေါက်တာမောင်မောင်ညို)

ဒေါင်းပျိုစာပေ

# “ကျေးဇူးတင်လွှာ”

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီ ပေးကြသော အသိမိတ်ဆွေများနှင့် ပြင်ဆင် ကူညီပေးကြသော ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အားရင်း

အမှာစာများ ရေးသားပေးကြပါသော ချစ်ခင်လေးစားရသော ဆရာလေးကိုတင် အားလည်းကောင်း အထူးကျေးဇူးတင် ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

လေးစားစွာဖြင့်

*ဂေါဝဇီ လှမ်းနောင်*